ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ (20-2-2009) (၇၉၆၀)

ဟဟု သစ္စံ တေံ မင်္ဂလ မုတ္တမံ

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးစနစ် အထူးဇုန်လုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ် (၁)ရှိ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး ကန်ပတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေပြုပြင်မှု၊ လယ်ထွန်စက်ဖြင့် လယ်များ ထွန်ယက်နေမှု၊ ရေတင်စက်ဖြင့် လယ်ကွင်းအတွင်း ရေသွင်းနေမှု၊ ရေဆင်းစိုက်ပျိုးရေး သုတေသနဌာနမှ ထုတ်လုပ်သည့် ဆင်းနွယ်ရင် မျိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်(၁)ရှိ ယုဇနကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ဘက်စုံစိုက်ပျိုးမွေးမြူရေး (Integrated Farm)အတွက် မြေပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ နွေစပါး စံပြဧက ၅၀ စိုက်ခင်း၌ စပါးများစိုက်ပျိုးဖြစ်ထွန်းမှုများကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်(၂)ရှိ ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်၏ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးပြီးစီးမှု၊ နှစ်လသားရှိ အောင်မြင်ဖြစ်ထွန်းနေသည့် အထွက်တိုးစပါးစိုက်ခင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် လျှပ်စစ်ရေတင် ရေငြိမ်ကန်တို့ကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထူးဇုန်(၂) အကွက်အမှတ် (၉)ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ ပင်မရေသွင်းမြောင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဒေသခံတပ်ရင်း၏ နွေစပါး ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိပြီး နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လျှပ်စစ်ရေတင်စက်ဖြင့် လယ်အတွင်း ရေပေးသွင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရှမ်းတဲကြီးကျေးရွာရှိ လယ်သမားကြီး ဦးချစ်စိန်၏လယ်၌ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

လူမှုစီးပွား ဘက်စုံအကျိုးပြု ပဲခူးတိုင်းမှ ဇောင်းတူစီမံကိန်း



စိုက်ပျိုးမြေဧက ၁၆၀၀၀ ကျော်ကို အကျိုးပြုပြီး ပဲခူးမြို့နယ် ပတ်ဝန်းကျင်ဒေသများ မြစ်ရေမလွှမ်းအောင် ရေလွှဲပေးနိုင်သည့် ဇောင်းတူ ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးစွမ်းအား ပြည့်ထွန်းကားစေရန် ဆည်တမံများ တည်ဆောက်ပေးလျက်ရှိသည်။ စိုက်ပျိုးစွမ်းအားသာမက ဘက်စုံထွန်းကားလာစေရန် ဖန်တီးဖော်ဆောင်ပေးသဖြင့် စွမ်းအင်များ ပေါ်လွင်လာသည်။ စွမ်းအားများ ထင်ရှားလာသည်။

ပဲခူးတိုင်း၌ ဇောင်းတူ ဘက်စုံစီမံကိန်းကြောင့် ပဲခူးမြစ်သည် ဂုဏ်သတင်းမွှေးလာသည်။ ဇောင်းတူ ရေလှောင်တမံက စိုက်ပျိုးမြေဧက ၁၆၀၀၀ ကျော်ကို အကျိုးပြုလာသည်။ ပဲခူးမြို့နယ် ပတ်ဝန်းကျင်ဒေသများ မြစ်ရေမလွှမ်းအောင် ရေလွှဲပေးနိုင်သည်။

ထို့အပြင် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းဖြင့် အလင်းဆောင်ပေးသည်။ ၁၉၈၈ ခုနှစ်ကာလအထိ ပဲခူးတိုင်း၌ ရေအားလျှပ်စစ်စက်ရုံဟူ၍ မရှိခဲ့။ မဟာဓာတ်အားလိုင်းနှင့် ဒီဇယ်သုံးစက်ရုံများကိုသာ အားထားခဲ့ရသည်။ ယခု ဇောင်းတူကြောင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀ ထုတ်လုပ်ပြီး ပဲခူးဒေသကို အထောက်အကူပြုလျက်ရှိသည်။

ဇောင်းတူနှင့်အတူ ပဲခူးတိုင်း၌ ရွှေကျင်၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ခပေါင်းနှင့် ရဲနွယ်

ဘက်စုံစီမံကိန်းများကို အကောင်အထည်ဖော်ဆဲဖြစ်ရာ စုစုပေါင်း မဂ္ဂါဝပ် ၂၃၀ ရရှိလာမည်ဖြစ်၍ ပဲခူးတိုင်း၏ ဆည်တမံဘက်စုံစီမံကိန်းများကြောင့် ဒေသလူမှုစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သတင်းမှတ်စု - ခင်အောင်ကျော်
မှတ်တမ်းဓာတ်ပုံ - (ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၀-၂-၂၀၀၉
(သောကြာနေ့)

အခြေခံအိမ်တွင်းမှုသင်တန်းများတိုးမြှင့်ဖွင့်လှစ် အမျိုးသမီးငယ်များ သက်မွေးပညာဆည်းပူးသင်ကြား

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်မှစတင်၍အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်း၏ အောင်မြင်မှုရလဒ်အဖြစ် နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ တတ်မြောက်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ၊ စက်မှုလက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသူများနှင့် စက်မှုလက်မှုပညာ တတ်မြောက်သူ လူငယ်များ ပေါ်ထွက်လာလျက်ရှိသည်။

ထိုနည်းတူ နယ်စပ်ဒေသနေ တိုင်းရင်းသား လူငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၄ ကျောင်း ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းကျောင်းများမှ အခြေခံ အိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အိမ်တွင်းလက်မှုသင်တန်း(ကြိမ်)နှင့် အိမ်တွင်းလက်မှုသင်တန်း (ဝါး)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ကျေးရွာများမှ အမျိုးသမီးငယ်များအား အခြေခံအိမ်တွင်းမှု အထူးသင်တန်းများ ဖွင့်လှစ်၍ အိမ်တွင်းလက်မှုပညာရပ်များ သင်ကြားပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ အခြေခံအိမ်တွင်းမှု အထူးသင်တန်းများကို ဇန်နဝါရီ ၂၅ရက်၊ ၂၆ ရက်များက ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းများသို့ လေဘေးသင့် ကျေးရွာများမှ သင်တန်းသူ ၂၄၀ တက်ရောက်လျက်ရှိပြီး အခြေခံအိမ်တွင်းမှုပညာ၊ အာဟာရမပျက် ချက်ပြုတ်နည်း ပညာရပ်များကို ရက်သတ္တ ၁၂ ပတ်ကြာ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို အခမဲ့ ထောက်ပံ့ပေးနေကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများမှ ကျွမ်းကျင်သောနည်းပြများ အကူအညီဖြင့် သင်တန်းများ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိရာ နယ်စပ်ဒေသမှ တိုင်းရင်းသား လူငယ်များသာမက လေဘေးသင့်ဒေသကျေးရွာများမှ အမျိုးသမီးငယ်များလည်း အိမ်တွင်းမှုပညာဖြင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

အလက(၉)အင်းစိန်(ယခင်)စိန်ဂျော့ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အလက(၉) (ယခင်)စိန်ဂျော့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

— ဆက်သွယ်လှူဒါန်းနိုင် —

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြပါရန်နှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် အလက(၉)အင်းစိန် ဖုန်း-၆၄၀၁၆၉၊ ဒေါ်အေးအေးချစ် ဖုန်း-၆၅၂၂၂၈၊ ဒေါက်တာယုယုလွင် ဖုန်း-၅၆၅၇၉၆၊ ဦးတင်ထွန်းဦး ဖုန်း-၂၅၅၁၁၆၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဦးခင်ချို ဖုန်း-၀၉-၅၁၃၃၁၀၂၊ ဒေါ်စီစီမာ ဖုန်း-၆၄၃၈၇၉၊ ဒေါက်တာအေးမိမိထွေး ဖုန်း-၀၉၅၀ ၄၉၅၇၈ နှင့် ဦးမြတ်စိုး ဖုန်း-၀၉၅၀ ၇၆၀၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၂၉ရက်က သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်းမှ ထူးချွန်ဆုရ မောင်ဖြိုးဝေယံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေခင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ဇုန်နယ်မြေအလိုက် တာဝန်ခံများ၊ အထောက်အကူပြု ကော်မတီမှ တာဝန်ရှိသူများနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာတို့က ဇုန်နယ်မြေများအလိုက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းအတွင်းရေးမှူးနှင့် ခရိုင်ဥက္ကဋ္ဌများက ခရိုင်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို အထိမ်းအမှတ်အဖြစ် ထူးချွန်ဝန်ထမ်းများအား ဆုပေးပွဲတွင် ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးက ထူးချွန်ဆုရ တာချီလိတ်ခရိုင် ဦးစီးအရာရှိကိုယ်စား ဦးလှငွေး (ဒုတိယဦးစီးမှူး)အား ဆုချီးမြှင့်စဉ်။ (ပြည်နယ်ပြန်/ဆက်)

အာမခံလုပ်ငန်းသိကောင်းစရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်အရေးပါသော အာမခံခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက အာမခံနှင့် ပတ်သက်၍ သိကောင်းစရာများကို ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အနေဖြင့် တူဒေးစာအုပ်တိုက် အမှတ်- H၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြင့်မိုရ်ကန်လမ်း၊ လှိုင်မြို့နယ်၊ ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၅၀၇၃၈၅ တို့သို့ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဖေဖော်ဝါရီ ၃ ရက်က တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကို ခရိုင်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးမြင့်အောင် အဖွင့်အမှာစကား ပြောကြားစဉ်။

(ပြည်တွင်းအခွန်)

ဂန့်ဂေါမြို့၌ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းက ဂန့်ဂေါမြို့နယ် အားကစားကွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့်သဝဏ်လွှာကို ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူက ဖတ်ကြားသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌက (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။

(ခရိုင်ပြန်/ဆက်)

ဖေဖော်ဝါရီ၁၂ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အမက(၂၃) ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ဒုတိယတန်း(က)မှ ဘက်စုံထူးချွန်ဆုရရှိသော မသံစဉ်မိုးသိမ့်အား ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကို ဆုချီးမြှင့်စဉ်။

(၆၃)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်
ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် စက်ရုံအသစ်တည်ဆောက်၊ လွှင့်အားမြင့်စက်များ တိုးချဲ့တပ်ဆင်ပေးနေ
ပြည်နယ်အတွင်း သတင်းနှင့်ဖျော်ဖြေရေး အပြည့်အဝဖြည့်ဆည်းပေးနိုင်မည့် FM ရေဒီယိုစနစ် အမြန်ဆုံး ဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် တောင်းဖူးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးဘကြည်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တောင်းဖူး၊ သဝင်ချောင်း၊ အဝကန်၊ တောင်ညို၊ မြင့်ဂါနှင့် ကျောက်ဆိပ်ကျေးရွာခြောက်ရွာတို့မှ ဒေသခံပြည်သူ ၁၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်းဖူးကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။ ထို့အပြင် ဝန်ကြီးသည် သဝင်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ငွေကျပ် လေးသိန်း၊ တောင်ညိုကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်အတွက် ငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ်ရှစ်သိန်းကို လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို လည်းကောင်း၊ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးဘကြည်က တောင်းဖူးကျေးရွာ စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စွန်ရဲကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးကြီးဘကြည်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ စွန်ရဲ၊ ကြောင်ရှည်ချောင်းနှင့် ဗလိပေါက်ကျေးရွာသုံးရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စွန်ရဲကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။ ထို့အပြင် ဝန်ကြီးသည် စွန်ရဲကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်အတွက် ငွေကျပ်လေးသိန်း၊ ကြောင်ရှည်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ်ရှစ်သိန်းကို လည်းကောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးကြီးဘကြည်က စွန်ရဲကျေးရွာ စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်းပြားမြို့နယ် စွန်ရဲ၊ ကြောင်ရှည်ချောင်းနှင့် ဗလိပေါက်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲများ၌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ပြည်သူများအတွက် ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် စက်ရုံအသစ် တည်ဆောက်ခြင်း၊ လွှင့်အားမြင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သုတ၊ ရသ ရုပ်မြင်သံကြားလိုင်းများစွာကို ဒေသခံပြည်သူများက စိတ်ကြိုက်ရွေးချယ် ကြည့်ရှုနိုင်ရန်လည်း ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင်အပြီး အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ပြည်နယ်အတွင်း သတင်းနှင့်ဖျော်ဖြေရေးကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် FM ရေဒီယိုစနစ်ကိုလည်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ အတူတကွ ရောယှက်နေထိုင်လာခဲ့ကြရာ ယခုအခါ တိုင်းရင်းသားအချင်းချင်း မိသားစုများအဖြစ် ယှက်နွယ်ဖွဲ့စည်းမှုများ အများအပြားဖြစ်တည်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း သွေးသားတော်စပ်မှု၊ နားလည်မှု၊ စည်းလုံးမှုဟူသည့် သံယောဇဉ်ကြိုးများ လွှမ်းတင်ကာ ရွာတိုင်း၊ မြို့တိုင်း၊ တိုင်းနှင့် ပြည်နယ်တိုင်းသည် ပြည်ထောင်စု အငယ်လေးများသဖွယ် ဖြစ်တည်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့ တိုင်းရင်းသားအားလုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဟူသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို မွေးမြူမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ထိုပြည်ထောင်စုစိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်ကြောင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်ကြောင်း၊ တိုင်းပြည်ပြိုကွဲသဖြင့် အနိဋ္ဌာရုံများ ပင်လယ်ဝေ ခံစားနေကြရသည့် ပြည်သူများ၏ ဘဝအခြေအနေကို ယနေ့ကမ္ဘာတွင် အများအပြား တွေ့မြင်နိုင်ကြောင်း၊ သို့ပါ၍ မိမိတို့ တိုင်းရင်းသားများအနေဖြင့် ထိုအနိဋ္ဌာရုံသာဓကများကို သင်ခန်းစာယူပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ် တည်တံ့ခိုင်မြဲအောင်၊ ဒီမိုကရေစီဖော်ဆောင်မှု အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပေါက်တောမြို့နယ် တောင်းဖူး၊ သဝင်ချောင်း၊ အဝကန်၊ တောင်ညို၊ မြင့်ဂါနှင့် ကျောက်ဆိပ်ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ဦးခင်မောင်စိုးအား ဗီယက်နမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးခင်မောင်စိုးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးတင်ယုအား အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးတင်ယုအား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးအောင်သိမ်းအား ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်သိမ်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးသက်ဦးအား နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးသက်ဦးအား နီပေါဖယ်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

အာဖဂန်ကျောင်းသားနှစ်ဦးအား တာလီဘန်များ သတ်ဖြတ်

ကဘူး ဖေဖော်ဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ဝါဒတ်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များအတွက် သူလျှိုလုပ်သည်ဟု စွပ်စွဲကာ ကျောင်းသားနှစ်ဦးအား တာလီဘန်စစ်သွေးကြွများက သတ်ဖြတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြည်နယ်အုပ်ချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းဒေသတွင် နိုင်ငံစုံတပ်ဖွဲ့များနှင့် ၎င်းကျောင်းသားတို့ စကားပြောနေသည်ကိုတွေ့ရှိပြီးနောက် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ဆေဒါဘတ်ခရိုင်၌ ကျောင်းသားနှစ်ဦးအား စစ်သွေးကြွများက ဖမ်းဆီးပြီး ပစ်သတ်ခဲ့ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ***အင်တာနက်။***

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း၌ ဖြစ်ပွားနေသော ကျားသူပုန်တို့နှင့် တိုက်ခိုက်နေသည့် စစ်ပွဲမှ ရှောင်တိမ်းလာသူ ဒုက္ခသည်အချို့ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာစစ်ပွဲအတွင်း ပိတ်မိနေသူ ဒုက္ခသည်များအတွက် ရိက္ခာများထောက်ပံ့

သီရိလင်္ကာ ဖေဖော်ဝါရီ ၁၉

နိုင်ငံအရှေ့မြောက်ပိုင်း စစ်ဖြစ်ပွားနေသောဒေသ၌ ပိတ်မိနေသည့် သီရိလင်္ကာ စစ်ဘေးဒုက္ခသည်များအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (အိုင်စီအာစီ)မှ ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော သင်္ဘောအား သီရိလင်္ကာရေတပ်က စောင့်ရှောက်လိုက်ပါလာကြောင်း သိရသည်။

ထောင်ပေါင်းများစွာရှိသော ဒုက္ခသည်များအနေဖြင့် ရိက္ခာ၊ ဆေးဝါးနှင့် သန့်ရှင်းသော သောက်သုံးရေများ အလွန်အမင်း လိုအပ်လျက်ရှိပြီး အများအပြားမှာ နာမကျန်းဖြစ်နေသည်ဟုဆိုသည်။ ယခုဆိုက်ရောက်လာသော အကူအညီပစ္စည်းများမှာ လိုအပ်ချက်နှင့်နှိုင်းဆလျှင် အလွန်ပင် နည်းပါးနေကြောင်း ကုလသမဂ္ဂအဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

အိုင်စီအာစီအဖွဲ့က သယ်ဆောင်လာသော အကူအညီပစ္စည်းမှာ တန်ချိန် ၃၀ရှိသည်ဟုဆိုသည်။ သို့ရာတွင် ဒုက္ခသည်များအတွက် တစ်လအတွက်အနည်းဆုံး လိုအပ်ချက်မှာ တန်ချိန် ၂၅၀၀ ရှိသည်ဟု ကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။

ပြည်တွင်းစစ် ၂၅ နှစ်ကျော်ကာလအတွင်း အစိုးရကို ပုန်ကန်နေသော တမီးလ်ကျားသူပုန်များမှာ ချုပ်ငြိမ်းတော့မည်ဖြစ်ကြောင်း အစိုးရတပ်ဖွဲ့များက ပြောကြားသည်။ ယခုအခါ ကျားသူပုန်များသည် မြောက်ပိုင်းရှိ စတုရန်းကီလိုမီတာ ၁၀၀ မျှသာရှိသည့် ကျဉ်းမြောင်းသော နယ်မြေအတွင်း ပိတ်မိနေပြီဖြစ်သည်ဟု ဆိုသည်။ ကျားသူပုန်များသည် ၎င်းတို့ရပ်တည်နိုင်ရေးအတွက် အရပ်သူ၊ အရပ်သားများကို ဓားစာခံအဖြစ် ထိန်းသိမ်းထားသည်ဟု သီရိလင်္ကာအစိုးရနှင့် လူ့အခွင့်အရေးအဖွဲ့များက စွပ်စွဲကြသော်လည်း ကျားသူပုန်များက ထိုစွပ်စွဲချက်ကို ငြင်းဆိုထားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ကဘာလာမြို့တွင် ဘတ်စ်ကားငယ်နှစ်စီး ဗုံးထိမှန်ခံရ သဖြင့် ဒဏ်ရာရရှိသွားသူ ခရီးသည်တစ်ဦးအား ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဘတ်စ်ကားနှင့် ဗြိတိန်စစ်ယာဉ် တိုက်မိ ခုနစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့အနီးတွင် ဖေဖော်ဝါရီ ၁၈ ရက်က ဗြိတိန်စစ်ကားနှင့် အီရတ်ရှီးယိုက်ဘုရားဖူး ဘတ်စ်ကားတို့ တိုက်မှုဖြစ်ပွားရာ ခရီးသည် ခုနစ်ဦး သေဆုံးပြီး ၂၄ ဦးကျော် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါယာဉ်တိုက်မှုသည် ဘာဆာရာမြို့အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာရှိ အဝေးပြေးလမ်းတွင် ဒေသစံတော်ချိန် ည ၁၀ နာရီခန့်က ဖြစ်ပွားခဲ့သည်။ ဗြိတိန်စစ်ယာဉ်များသည် ယင်းဒေသတွင် ညပိုင်း ကင်းလှည့်နေခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ပွားမှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်များ သေကျေဒဏ်ရာရရှိခြင်း မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ပါကစ္စတန်တာလီဘန်စခန်း ဒုံးကျည်ပစ်ခံရ၊ လူ ၃၀ သေ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ မျိုးနွယ်စုတို့၏ ဒေသတစ်ခုတွင်ရှိသော တာလီဘန်တို့၏ လေ့ကျင့်ရေးစခန်းတစ်ခုကို တနင်္လာနေ့က အမေရိကန်တို့၏ မောင်းသူမဲ့ လေယာဉ်ဟုယူဆရသော လေယာဉ်တစ်စင်းက ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းကြောင့် လူ ၃၀ နီးပါး သေဆုံးကြောင်း အန်အန်အိုင်သတင်းဌာနက ဖော်ပြသည်။

အာဖဂန်နှင့် ပါကစ္စတန်တာလီဘန်များ စခန်းချရာ အိုရတ်ဇိုင်းမျိုးနွယ်စုတို့၏ ဒေသဆာပေါလ်နယ်မြေရှိ လေ့ကျင့်ရေးစခန်းဟု ယူဆရသော စခန်းကို ဒုံးကျည်လေးစင်းထိမှန်ခဲ့ကြောင်း သတင်းပေးများ၏ပြောကြားချက်ကို ကိုးကား၍ အင်န်အင်န်အိုင်က ဖော်ပြသည်။

အင်န်အင်န်အိုင်၏ သတင်းအရ အဆိုပါစခန်းကို အာဖဂန်တပ်မှူး ဘီရမ်ခန်က အုပ်ချုပ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နှင့် ရုရှား စွမ်းအင်ဆိုင်ရာစာချုပ် လက်မှတ်ရေးထိုး

မော်စကို ဖေဖော်ဝါရီ ၁၉

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ၂၅ ဘီလီယံ တန်ဖိုးရှိသော စွမ်းအင်ဆိုင်ရာ သဘောတူစာချုပ်ကို ပေကျင်းမြို့တော်၌ အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရုရှားနိုင်ငံ ရေနံပိုက်လိုင်းကို တစ်ဦးတည်းချုပ်ကိုင်ထားသူ ထရန်နက်ဖ်က ပြောကြားသည်။

စာချုပ်တွင် တရုတ်နိုင်ငံ ဖွံ့ဖြိုးရေးဘဏ်က ရုရှားနိုင်ငံပိုင် ရေနံကုမ္ပဏီ ရို့စ်နက်ဖ်အား အမေရိကန်ဒေါ်လာ ၁၅ဘီလီယံ၊ ထရန်နက်ဖ်အား ၁၀ဘီလီယံ ချေးငှားမှာဖြစ်ကြောင်း ထရန်နက်ဖ်၏ ပြောရေးဆိုခွင့်ရှိသူအိုင်ဂါဒိုမင်းက ပြောကြားသည်။

ချေးငွေ၏ အတုံ့အပြန်အဖြစ် တရုတ်နိုင်ငံသည် မော်စကိုမှ လာမည့်အနှစ် ၂၀ အတွက် ရေနံထောက်ပံ့မှုကို ရရှိမည်ဖြစ်သည်။ ဆော်ဒီအာရေဗျပြီးလျှင် နံပါတ်-၂ ရေနံတင်ပို့သူ ရုရှားနိုင်ငံက တစ်နှစ်လျှင် ရေနံတန်ချိန် ၁၅သန်းဖြင့် နှစ်ပေါင်း ၂၀ ထောက်ပံ့သွားရန် ကတိပြုကြောင်း သိရသည်။ ***အင်တာနက်။***

ပေကျင်းမြို့တွင် တရုတ်နှင့် ရုရှားနိုင်ငံတို့ ၂၅ဘီလီယံတန်ဖိုးရှိသော စွမ်းအင်ဆိုင်ရာ စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ရုရှားဒုတိယဝန်ကြီးချုပ် အိုင်ဂါစီချင်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု

တရုတ်၌ မာစီဒီး-ဘင့်ဇ်ဆလွန်းကား ၅၅၅ စီး ပြန်လည်သိမ်းဆည်းမည်

တရုတ်နိုင်ငံတွင် မာစီဒီး-ဘင့်ဇ်ဆလွန်းကား ၅၅၅ စီးခန့်အား ကားလက်ကိုင်ဝှေ့ချွတ်ယွင်းမှုကြောင့် ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် တရုတ်နိုင်ငံ အရည်အသွေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ ၂၀၀၆ခုနှစ် ဩဂုတ် ၁၅ ရက်က ထုတ်လုပ်သောယာဉ်များ ဖြစ်သည်။

တရုတ်နိုင်ငံတွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ ပြည်တွင်း၊ ပြည်ပကားကုမ္ပဏီ ၅၄ ခုက ကားစီးရေ ၁ ဒသမ ၈၄ သန်းကျော် ပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်သည်။

ဗီယက်နမ်၌ အလုပ်သမား ၁၀၀၀၀ ကျော် အလုပ်လက်မဲ့ဖြစ်

ယခုနှစ်ဦးပိုင်း၌ ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့တွင် အလုပ်သမား ၉၆၀၀ ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး နောက်ထပ်အလုပ်သမား ၁၀၀၀ခန့်မှာ အလုပ်အကိုင် ဆုံးရှုံးမည့်အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ဟန်ွိုင်းအလုပ်ခန့်ထား ရေးနှင့် လူမှုရေးရာဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ပွားမှုကြောင့် ပြည်ပပို့ကုန်လုပ်ငန်းများ ဆုံးရှုံးရာမှ အလုပ်သမားများ လျှော့ချရခြင်း ဖြစ်လာသည်။

ဟောင်ကောင်ဒေါ်လာ ၁၀ သန်းတန်ဖိုးရှိ ကိုကင်းများဖမ်းမိ

ဟောင်ကောင်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက်တွင် ဟောင်ကောင်ဒေါ်လာ ၁၀ ဒသမ ၅သန်းခန့်(အမေရိကန်ဒေါ်လာ ၁ ဒသမ၃၅ သန်းခန့်) တန်ဖိုးရှိ ကိုကင်း ၁၂ ကီလိုဂရမ် ဖမ်းဆီးရမိကြောင်း ဗုဒ္ဓဟူးနေ့ သတင်းစာရှင်းလင်းပွဲ၌ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကိုကင်းများကို ကိုကိုးမှုန့်သေတ္တာ ၂၀ အတွင်း သို့ဝှက်ယူလာစဉ် ရဲတပ်ဖွဲ့က ဖမ်းဆီးမိခြင်းဖြစ်သည်။ ယင်း မူးယစ်ဆေးဝါးများကို ပနားမားနိုင်ငံနှင့် ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့မှတစ်ဆင့် ဟောင်ကောင်သို့ သင်္ဘောဖြင့် သယ်ယူခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ပြည်နယ်ဆယ်ခု၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းပြည်နယ် ခန့်ချ်ဟွာနှင့်အခြားပြည်နယ်ကိုးခုတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေပြီး H_5N_1 ဗိုင်းရပ်စ်ပိုးများလည်း တွေ့ရှိကြောင်း တိရစ္ဆာန်ဆေးကုဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ခန့်ချ်ဟွာပြည်နယ် မွေးမြူရေးခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရသည့် ကြက်ငှက်များမှာ ၂၇ကောင်ထိ တိုးလာကြောင်း၊ သေဆုံးသော ကြက်ငှက်များကိုနမူနာယူ၍ စမ်းသပ်စစ်ဆေးရာ H_5N_1 ဗိုင်းရပ်စ်ပိုး တွေ့ရှိကြောင်း ယင်းဌာနက ပြောကြားသည်။

နိုင်ဂျီးရီးယားရေနံမြေမှ ဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၂ ဘီလီယံ ဖြည့်စွမ်းမည်

နိုင်ငံပိုင် နိုင်ဂျီးရီးယား အမျိုးသားရေနံကော်ပိုရေးရှင်း (အန်အန်ပီစီ) က ၂၀၀၉ ခုနှစ်ကုန်၌ ပြည်တွင်းဈေးကွက်သို့ ဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၂ ဘီလီယံခန့် ပေးပို့ရန် စီမံကိန်းရေးဆွဲထားပြီးဖြစ်ကြောင်း ယင်းကော်ပိုရေးရှင်း၏ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးပို့မှု စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်ပြီး နိုင်ဂျီးရီးယားအစိုးရက ယခုနှစ်အတွက် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀၀ ကို ရှေ့ပြေးပေးပို့နိုင်ခဲ့ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂျိုင်းပါဟတ်အရပ်တွင် ခူလ်နာသို့ သွားသောရထားနှင့် ကုန်တင်ယာဉ်တို့ တိုက်မိပြီးနောက် ရထားကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ရထားနှင့်ကုန်တင်ယာဉ် တိုက်မိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်မြောက်ဘက် ၂၉၄ ကီလိုမီတာခန့် အကွာရှိ ဂျိုင်းပါဟတ်ခရိုင်တွင် ဖေဖော်ဝါရီ ၁၇ ရက်က ခရီးသည်တင်ရထားနှင့် ကုန်တင်ယာဉ်တို့ တိုက်မိခြင်းကြောင့် ရှစ်ဦးထက်မနည်း သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ဂျိုင်းပါဟတ်မြို့ ကာရှီရာဘာရီ ရထားလမ်းဆုံ၌ မြို့ပတ်ရထား ရှေ့ကီးမေးလ်က သဲတင်လာသည့် ကုန်တင်ကားကို တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

စုစည်းရေးသားသူ-စိုးစိုးနိုင်

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးနှင့် ကွင်းစလန်တို့တွင် ရေကြီးမှုနှင့်ကြုံနေရ

ဆစ်ဒနီ ဖေဖော်ဝါရီ ၁၉

သြစတြေးလျနိုင်ငံ တောင်ပိုင်း မိုးခေါင်သောဒေသတွင် တောမီးများလောင်နေသည်ကို ငြိမ်းသတ်နေရစဉ် ဆစ်ဒနီမြို့မြောက်ပိုင်း၌ ရေကြီးမှုနှင့် ကြုံရသဖြင့် အာဏာပိုင်များက ပိတ်မိနေသော ဒုက္ခသည်များကို ရဟတ်ယာဉ်များအသုံးပြုကာ အရေးပေါ်ကယ်ဆယ်ခဲ့ရသည်။

နယူးဆောက်ဝေးပြည်နယ် ဘောက်ခ်ကီးဒေသရှိ အိမ်ခြေ ၂၀ နှင့် အစိုးရ အဆောက်အအုံအများအပြား အင်္ဂါနေ့က ရေကြီးမှုနှင့်ကြုံရပြီးနောက်ပိုင်း အာဏာပိုင်များက ထိုဒေသကို သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသအဖြစ် ကြေညာထားကြောင်း ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖီးလ်ကင်ဘဲလ်က ပြောကြားသည်။

ယင်းပြည်နယ်၏ မြောက်ပိုင်းရှိ မြို့ရွာအချို့မှ လူပေါင်း ၅၀၀၀ ခန့်မှာ ရေကြီးမှုကြောင့် အဆက်အသွယ် ပြတ်တောက်သွားရသည်ဟု ၎င်းကပြောကြားသည်။

ဘီလင်ဂါမြစ်ရေများသည် အင်္ဂါနေ့က လျှံထွက်လာပြီးနောက် လူဦးရေ ၃၀၀၀ ခန့် နေထိုင်သော ဘီလင်ဂန်မြို့မှာ ရေလျှံသွားသည်ဟု ဒေသဆိုင်ရာ ရဲအရာရှိ ရှိန်း ခရစ်က ပြောကြားသည်။ ဗုဒ္ဓဟူးနေ့တွင်လည်း ဆက်လက်၍ မိုးရွာနိုင်ကြောင်း မိုးလေဝသဌာနမှ ထုတ်ပြန်ထားရာ ဆက်လက်၍ ရေကြီးမည့်အခြေအနေရှိကြောင်း သိရသည်။ မိုးသည်းထန်မှုကြောင့် ကွင်းစလန်ပြည်နယ်တွင်လည်း အနှစ်သုံးဆယ် အတွင်း အဆိုးရွားဆုံး ရေကြီးမှုနှင့် ကြုံတွေ့နေရရာ အာဏာပိုင်များက ကယ်ဆယ်ရေး လုပ်ငန်းများ အပူတပြင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ***အင်တာနက်။***

သြစတြေးလျ အရှေ့မြောက်ပိုင်းတွင် ရေကြီးမှုဖြစ်ပွားနေသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဖမ်းခံအစ္စရေးတပ်ဖွဲ့ဝင်ကို လွှတ်မပေးလျှင် ဟားမတ်စ်တို့နှင့် အပစ်အခတ်ရပ်စဲရေး မဆွေးနွေးဟုဆို

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၉

ဂါဇာတွင် ပါလက်စတိုင်းတို့က ဖမ်းဆီးထားသော အစ္စရေးတပ်ဖွဲ့ဝင်အား လွှတ်မပေးမချင်း အစ္စရေးအနေဖြင့် ဟားမတ်စ်တို့နှင့် ကာလရှည်အပစ်အခတ် ရပ်စဲရေးသဘောတူညီမှု ပြုလုပ်မည် မဟုတ်ကြောင်း အစ္စရေးလုံခြုံရေး ကက်ဘိနက်အဖွဲ့က မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

အဖမ်းခံထားရသူ တပ်ကြပ်ကြီး ဂီလဒ်ရှလစ် လွတ်မြောက်လာစေရေး အတွက် ၎င်းနှင့်ပါလက်စတိုင်း အကျဉ်းသားများ လဲလှယ်ရေးကိစ္စကိုလည်း အစ္စရေးကက်ဘိနက်အဖွဲ့က ထည့်သွင်း စဉ်းစားခဲ့ဟန်ရှိသည်ဟုဆိုသည်။

ဟားမတ်စ်နှင့် အစ္စရေးတို့သည် မကြာသေးမီလအတွင်းက ဂါဇာဒေသတွင် ၂၂ ရက်ကြာ စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲ အပြီးဆွေးနွေးမှုများပြုလုပ်နေကြစဉ် ဂီလဒ်ရှလစ်ကိစ္စ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဂီလဒ်ကို ပါလက်စတိုင်းတိုက်ခိုက်ရေး သမားများက ၂၀၀၆ ခုနှစ် ဇွန်လတွင် ဖမ်းဆီးသွားခဲ့ကြခြင်းဖြစ်သည်။အဖမ်းခံ ဂီလဒ်လွတ်မြောက်ရေးကိစ္စကို ဦးစွာ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထိုကိစ္စပြီးမှ ဂါဇာနယ်စပ် ဖြတ်ကျော်ခွင့်ပေးရေးနှင့် ပြန်လည်တည်ဆောက်ရေး ကိစ္စများကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်က အင်္ဂါနေ့ တွင် ပြောကြားသည်။ ***အင်တာနက်။***

ဂါဇာတွင် ပါလက်စတိုင်း ဟားမတ်စ်တို့၏ အကျဉ်းသားအဖြစ် ဖမ်းဆီးခံထားရသော အစ္စရေးတပ်ဖွဲ့ဝင် ဂီလဒ်ရှလစ်၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းစောင့်ရှောက်ရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် တရုတ်တပ်ဖွဲ့ဝင်များထွက်ခွာ

ကူမင်း ဖေဖော်ဝါရီ ၁၇

လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် တရုတ်တပ်ဖွဲ့ဝင် ၁၇၀ ပါဝင်သောအဖွဲ့သည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ မြို့တော် **"ကူမင်း"**မှ စင်းလုံးငှား လေယာဉ်ဖြင့် လက်ဘနွန်နိုင်ငံသို့ တနင်္လာနေ့က ထွက်ခွာသွားသည်။

အမှတ်(၅)အင်ဂျင်နီယာတပ်ရင်း၏ ပထမအသုတ်နှင့် စတုတ္ထမြောက်ဆေးတပ်ဖွဲ့တို့ကို လက်ဘနွန်သို့ တရုတ်နိုင်ငံက စေလွှတ်ကြောင်း ဖော်ပြသည်။ ဆေးဝန်ထမ်း ၃၀ အပါအဝင် တပ်ဖွဲ့ဝင် ၁၆၅ ဦး ပါဝင်သော အခြားအဖွဲ့တစ်ဖွဲ့လည်း အရှေ့အလယ်ပိုင်း ဒေသသို့ ဖေဖော်ဝါရီ ၂၆ ရက်တွင် ထွက်ခွာရန် စီစဉ်ထားကြောင်း၊ တပ်ဖွဲ့ဝင်အားလုံးသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချင်ဒူးစစ်ဒေသမှဖြစ်ပြီး ယခင်တပ်ဖွဲ့များနေရာတွင် အစားထိုးမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ လက်ဘနွန် တောင်ပိုင်း နယ်စပ်ဒေသတွင် ရှစ်လကြာတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း စစ်သည်ပေါင်း ၂၇၅ ယောက် ရှိသော အင်ဂျင်နီယာ တပ်ဖွဲ့သည် မိုင်းရှင်းလင်းခြင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်များဖယ်ရှားရေးတို့ကို ဆောင်ရွက်မည်ဖြစ်သည့်ပြင် လမ်းဖောက် ခြင်း၊ တံတားဆောက်ခြင်းနှင့် လေဆိပ်များ ပြုပြင်ထိန်းသိမ်းခြင်းပြုလုပ်ကြမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၏ အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲ လူ့အခွင့်အရေးကိုဖျက်ဆီး

ဂျီနီဗာ ဖေဖော်ဝါရီ ၁၉

အမေရိကန်ပြည်ထောင်စုက စက်တင်ဘာ ၁၁ ရက်တွင် အကြမ်းဖက်တိုက်ခိုက်ခြင်းခံရပြီးနောက် စတင်ဆောင်ရွက်သော အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲသည် လူ့အခွင့်အရေးအား လေးစားလိုက်နာခြင်းမရှိသည့် အကျိုးသက်ရောက်မှုများ ပေါ်ပေါက် စေသည်ဟု တနင်္လာနေ့က ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

အကြမ်းဖက်ခြင်းကို တုံ့ပြန်ရန်အတွက် အမေရိကန်တို့က ချမှတ်ထားသော နည်းလမ်းများသည် နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေ၊ လူ့အခွင့်အရေးဥပဒေတို့၏ အခြေခံမူများနှင့် လိုက်လျောညီထွေမှုမရှိကြောင်း လွတ်လပ်သော ထင်ရှားသည့် ဥပဒေပညာရှင်များအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ညှဉ်းပန်းနှိပ်စက်မှုများ၊ ပျောက်ဆုံးသွားမှုများ၊ လျှို့ဝှက်ဖမ်းဆီးခြင်းများနှင့် တရားမျှတခြင်းမရှိသော တရားရုံးတင်စွဲဆိုမှုများ စသည့် တန်ပြန်အကြမ်းဖက်ဆောင်ရွက် ခြင်းများ၏ အကျိုးဆက်များကို ဥပမာများ၊ သာဓကများဖြင့် အစီရင်ခံစာတွင် ရေးသားထားသည်။

အမေရိကန်တို့က ချမှတ်ထားသည့် လွန်ကဲသော၊ ကြမ်းတမ်းရိုင်းစိုင်းသော တန်ပြန် အကြမ်းဖက်တိုက်ဖျက်ရေး နည်းလမ်းများသည် အခြားသော နိုင်ငံများ အပေါ်တွင် လွှမ်းမိုးလာစေပြီး ယင်းနည်းလမ်းများကို လိုက်နာ ကျင့်သုံးစေနိုင်ကြောင်း အစီရင်ခံစာက သတိပေးထားသည်။

ကမ္ဘာအနှံ့အပြားရှိ အစိုးရများက ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များကို အမေရိကန်ပြည်ထောင်စုနှင့် နှိုင်းယှဉ်ပြီး တရားမျှတမှုရှိသည်ဟု ဆိုနေခြင်းကို ကြားသိနေရသည်မှာ စိုးရိမ်ပူပန်စရာများ ဖြစ်သည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။ ဥပဒေပညာရှင်များအဖွဲ့က ကမ္ဘာတစ်ဝန်း ဒေသအားလုံးမှ နိုင်ငံပေါင်း ၄၀ကျော်တွင် ကြားနာခြင်း ၁၆ကြိမ် အပါအဝင် သုံးနှစ်ကြာစုံစမ်းလေ့လာ၍ ထိုအစီရင်ခံစာကို ပြုစုရေးသားခြင်းဖြစ်သည်။

လွန်ခဲ့သောခုနစ်နှစ်ကာလအတွင်းတွင် ရက်စက်ရိုင်းစိုင်းသော အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး နည်းလမ်းများကြောင့် ဆုံးရှုံးပျက်စီးမှုအတိုင်းအတာကို ကြားသိလိုက်ရသည့်အတွက် ထိတ်လန့်တုန်လှုပ်မိသည်ဟု ဥပဒေပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ တောင်အာဖရိက တရားသူကြီးချုပ်ဟောင်း အာသာချာစ်ကောလ်ဆန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက္ကဆီကိုတွင် ဖမ်းဆီးရမိသော မှောင်ခိုလက်နက်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို မူးယစ်နှိမ်နင်းမှုကို အထောက်အကူပြုရန် အမေရိကန်အား လက်နက်မှောင်ခိုမှု ထိန်းချုပ်ပေးရန်တောင်းဆို

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၉

မက္ကဆီကိုနှင့်အမေရိကန်နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးဂိုဏ်းအချင်းချင်း နယ်လုမှုများဖြစ်ပွားမှုကြောင့် ၁၅ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းကိစ္စဖြစ်ပွားပြီးနောက်ပိုင်းတွင် အမေရိကန်တို့အနေဖြင့် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်သည့် လက်နက်မှောင်ခိုမှုကို တင်းကျပ်စွာထိန်းချုပ်ပေးရန် မက္ကဆီကိုသမ္မတ ဖီလစ်ပီကယ်ဒီရွန်က တနင်္ဂနွေနေ့တွင် တောင်းဆိုလိုက်သည်။

သောင်းကျန်းမှုထူပြော

ဖော်ပြပါ ပစ်ခတ်မှုကြောင့် သေဆုံးရသူများတွင် အမျိုးသမီးငါးဦးနှင့် အသက် ၁၇ နှစ်မပြည့်သေးသူ လူရွယ်အမျိုးသား လေးဦးတို့ပါဝင်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။

သတ်ဖြတ်မှုဖြစ်

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် နယ်စပ်အနီးတွင် တည်ရှိသော မက္ကဆီကိုနိုင်ငံ၏ ကျူဒါဂျူရေဇ်မြို့သည် သောင်းကျန်းမှု အထူပြောဆုံးမြို့ဖြစ်သည်။ ထိုမြို့တွင် လူရွယ်အမျိုးသားများ အသတ်ခံရခြင်းဖြစ်သည်။

ချီချူချူမြို့၊ အီဂျိုဒိုရီဖော်မာ အရပ်များတွင်လည်း သတ်ဖြတ်မှုများဖြစ်ပွားကြောင်း သတင်းက ဖော်ပြသည်။ မူးယစ်ဂိုဏ်းများအသုံးပြုသည့် ခေတ်မီသော လက်နက်များမှာ အမေရိကန် နယ်စပ်မှ ဖြတ်ကျော်ဝင်ရောက်လာသော လက်နက်များဖြစ်သည်ဟု မက္ကဆီကိုတို့က ဆိုသည်။

အမေရိကန်အစိုးရအနေဖြင့်လက်နက်ရောင်းဝယ်မှုနှင့်ပတ်သက်၍ တင်းကျပ်စွာ ကိုင်တွယ်ထိန်းချုပ်ပေးရန် မက္ကဆီကို အစိုးရက တောင်းဆိုနေခဲ့သည်မှာ ကြာပြီဖြစ်သည်။

မက္ကဆီကိုအစိုးရအနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့အင်အား ၃၆၀၀၀ နီးပါးကို အသုံးပြု၍ မူးယစ်မှောင်ခိုမှုကို နှိမ်နင်းနေသည့်တိုင်အောင် ၂၀၀၈ ခုနှစ်တွင် ပြည်တွင်း၌ လူသတ်မှုပေါင်း ၅၃၀၀ မျှ ပေါ်ပေါက်ခဲ့သည်။ ***အင်တာနက်။***

ဆိုမာလီကမ်းလွန်ပင်လယ်တွင် တရုတ်စစ်သင်္ဘောဟေကူက ကုန်သင်္ဘောအုပ်စုအား ပင်လယ်ဓားပြများရန်မှ စောင့်ရှောက်ပေးနေသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လမ်းမှန်နဲ့ ပိုပြီးဝေးသည်ထက်ဝေးသွားမှာ စိုးရိမ်မိပါသည်(၂)

ကျော်ရဲမင်း

ဆက်လက်ပြီး သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှုတွေကို ရှင်းပြပါဦးမယ်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ် စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ စီမံကိန်းအရ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းဆိုတဲ့ အပူပိုင်းဒေသတိုင်းသုံးတိုင်းမှာ ကျေးရွာပေါင်း ၈၀၄၂ရွာ၊ အခြားပြည်နယ်နှင့်တိုင်းတွေမှာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာ စုစုပေါင်း ၂၃၂၂၅ ရွာမှာ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အပူပိုင်းဒေသတိုင်းသုံးတိုင်းမှာ ကျေးရွာ ၈၀၄၂ ရွာအနက် ၈၀၃၉ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၁၂၅၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် တိုင်းသုံးတိုင်းစီမံကိန်း လျာထားမှုရဲ့ ၉၉ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။

အခြားပြည်နယ်နှင့်တိုင်းများမှာရှိတဲ့ ကျေးရွာပေါင်း ၁၅၁၈၃ရွာအနက် ကျေးရွာပေါင်း ၁၃၆၂၆ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၁၉၃၁၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် စီမံကိန်းရဲ့ ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးနေပြီဖြစ်ပါတယ်။စီမံကိန်းတစ်ခုလုံးအတွက် ပြောရမယ်ဆိုရင် ကျေးရွာပေါင်း ၂၃၂၂၅ ရွာ လျာထားသည့်အနက် ယခုအခါ ကျေးရွာပေါင်း၂၁၆၆၅ ရွာမှာ ရေရရှိရေး လုပ်ငန်းပေါင်း ၃၁၈၆၂ ခု ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် စီမံကိန်းလျာထားမှုရဲ့ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီလို့ ဆိုနိုင်ပါတယ်။

မန္တလေးတိုင်းအတွင်း ဆောင်ရွက်ချက်ကို ပြန်ကြည့်ရင် စီမံကိန်းအရ ရွေးချယ်ထားတဲ့ကျေးရွာပေါင်း ၄၁၁၉ ရွာရှိတဲ့အနက် ရွာအားလုံးမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၆၃၉၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိပြီး ဖြစ်ပါတယ်။ မိတ္ထီလာခရိုင်အတွင်းမှာဆိုရင် စီမံကိန်းအရ ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း ၇၅၇ ရွာရှိပြီး အဲဒီရွာအားလုံးမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၁၂၆၀ ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိပြီးဖြစ်ပါတယ်။ တစ်ချိန်တုန်းက မိုးခေါင်ရေရှားဒေသဖြစ်ပြီး "ကန်ရေသောက် မြက်ခြောက်စား"လို့အပြောခံခဲ့ရတဲ့"ရွှေကိုမလိုရေကိုသာလိုသည်"လို့တောင်းဆိုခဲ့ရတဲ့မိတ္ထီလာခရိုင်အပါအဝင်အပူပိုင်းဒေသများဟာယခုဆိုရင်ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံကိန်းကြောင့် ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေများ အလုံအလောက် ရရှိနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ တည်ဆဲအစိုးရရဲ့ ဒီလိုစေတနာထား အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူတိုင်းက ဝမ်းမြောက်နှမော် သာခု ခေါ်နေချိန်မှာ မိတ္ထီလာ NLD က မဟုတ်တမ်းတရမ်း ထင်ရာမြင်ရာ စွပ်စွပ် စွဲစွဲ ပြောဆိုလိုက်တာကတော့ အတော်ပဲ ရုပ်ပျက်ဆင်းပျက် နိုင်လှပါတယ်။ တည်ဆဲအစိုးရ ဘာပဲလုပ်လုပ်၊ ဘယ်လောက်ပဲအောင်မြင်နေနေ အကောင်းမမြင် အသိအမှတ် မပြုနိုင်တဲ့ သူတို့ရဲ့ အာဃာတစိတ်၊ မစ္ဆရိယစိတ်၊ ဝန်တိုစိတ်ကြီးမားမှုကို ဖော်ပြနေတဲ့ အကျိုးမဲ့လုပ်ရပ်တွေပါပဲ။

ဆက်လက်ပြီး လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအပိုင်းကိုလည်း ပြောပါဦးမယ်။ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး ဓာတ်အားယူနစ် ၁၅၅၉ ဒသမ ၃၀၈သန်းခန့်သာ သုံးခဲ့ရတဲ့အခြေအနေကနေ တိုးတက်လာတဲ့ လူနေမှုအဆင့်အတန်းနှင့်အညီ ယခုအခါ ယူနစ်သန်းပေါင်း ၄၅၀၇ ဒသမ ၉၁၆ သန်းအထိ သုံးစွဲလျက်ရှိပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရလက်ထက်မှာ ယူနစ်သန်းပေါင်း ၂၉၄၈ ဒသမ ၆၀၈ သန်း တိုးတက်သုံးစွဲလာနိုင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီလို တိုးတက်သုံးစွဲနိုင်ဖို့အတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ဦးစားပေးကြိုးပမ်း တည်ဆောက်ခဲ့ရပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းများဟာ နှစ်ပေါင်းများစွာ သွယ်ဖြာစီးဆင်းလျက်ရှိပြီး ရေစီးဆင်းမှုပမာဏ နှစ်စဉ် ဧကပေသန်းပေါင်း ၈၇၀ ရှိပါတယ်။ အဲဒီစီးဆင်းမှုပမာဏကို နေရာပေါင်း ၂၆၇ နေရာကနေ ဇက်သပ်ထိန်းချုပ်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်မယ်ဆိုရင် မဂ္ဂါဝပ် ၄၀၀၀၀ ပမာဏအထိ ရရှိနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း လက်ရှိအခြေအနေမှာ ရေအားလျှပ်စစ်စက်ရုံတွေကို အမြောက်အမြား တည်ဆောက်ဖော်ဆောင်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ်အရင်းအမြစ် ဖွံ့ဖြိုးမှုကို လေ့လာကြည့်ရင် တည်ဆောက်ပြီး ရေအားလျှပ်စစ် စက်ရုံများမှ ၁၄၂၁ မဂ္ဂါဝပ်၊ တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများမှ ၂၁၀၄၃ ဒသမ ၅ မဂ္ဂါဝပ်ရှိကြောင်း တွေ့ရှိရပါတယ်။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်မှာ တည်ဆောက်ပြီးရေအားလျှပ်စစ်စက်ရုံအနေနဲ့ ၁၉၈၈ခုနှစ်မှာ စက်ရုံ ၁၄ ရုံသာရှိခဲ့ပြီး အဲဒီအထဲမှာ အကြီးစား မဂ္ဂါဝပ် ၁၀ အထက် စက်ရုံနှစ်ရုံသာ ပါဝင်ခဲ့ပါတယ်။ အဲဒါတွေကတော့ ဘီလူးချောင်း-၂ (လောပိတ)နဲ့ ကင်းတားစက်ရုံများဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ ရေအားလျှပ်စစ်စက်ရုံပေါင်း ၃၆ရုံ ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့ပြီး အကြီးစားစက်ရုံပေါင်း ၁၃ ရုံ ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် လက်ရှိမြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်စက်ရုံပေါင်း ၅၀ရှိပြီး အကြီးစား စက်ရုံ ၁၅ရုံအပါအဝင်ဖြစ်ပါတယ်။ အကြီးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကတော့ ဘီလူးချောင်း (၂)၊ ကင်းတား၊ ဆည်တော်ကြီး၊ ဘီလူးချောင်း(၁)၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ဇောင်းတူ၊ သဖန်းဆိပ်၊ မုန်းချောင်း၊ ပေါင်းလောင်း၊ ရဲနွယ်၊ ခပေါင်း၊ ရွှေလီ(၁)၊ ကျိုင်းတောင်း၊ တီကျစ်တို့ ဖြစ်ကြပါတယ်။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနေနဲ့ စုစုပေါင်း ၂၃ခု ရှိပါတယ်။ တစ်နှစ်တခြားတိုးတက်လာမယ့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး မျှော်မှန်းပြီး အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ပါတယ်။ အဲဒီစီမံကိန်း ၂၃ခုအနက် အထက်ပေါင်းလောင်း၊ နန်ချို၊ ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ရွှေကျင် စတဲ့ စီမံကိန်းခြောက်ခုဟာ ၂၀၀၉-၂၀၁၀မှာ ပြီးစီးမှာဖြစ်ပါတယ်။ အဲဒီစီမံကိန်း ခြောက်ခု ပြီးစီးသွားရင် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီလာမှာဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ၂၀၁၀-၂၀၁၁မှာ သောက်ရေခပ်(၂)နဲ့ အမ်း စီမံကိန်းများသည်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ မှာ သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် လည်းကောင်း၊ ၂၀၁၂-၂၀၁၃ မှာ အထက်ကျိုင်းတောင်းစီမံကိန်းသည် လည်းကောင်း ဆက်လက်ပြီးစီးမှာဖြစ်တဲ့အတွက် အဲဒီကာလတွေရောက်ရင် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဟာ ၂၉၉၉ ဒသမ ၅ မဂ္ဂါဝပ်အထိ ရှိလာမှာဖြစ်ပြီး လိုအပ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်ရောက်ရင် အချို့ဒေသတွေမှာ ဒီနေ့ကြုံတွေ့နေရတဲ့ လျှပ်စစ်မီး အခက်အခဲဆိုတာ ဘယ်လိုမှရှိနိုင်တော့မှာ မဟုတ်ပါဘူး။

ဒ့ါအပြင် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ စီးပွားရေး ဦးတည်ချက်နှင့်အညီ ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာ ထုတ်လုပ်ပေးပြီး တစ်ဖက်ကလည်း အိမ်နီးချင်းနိုင်ငံများကိုပါ တင်ပို့ရောင်းချနိုင်ရေး အတွက် ရွှေလီ(၂)၊ ထမံသိ၊ တာဆန်း၊ ဟတ်ကြီး၊ ဧရာဝတီမြစ်ဆုံ ချီဗွေ၊ ချီဗွေငယ်၊ တာပိန်(၁)၊ တာပိန်(၂)၊ အထက်သံလွင်၊ တနသ်ာရီ၊ ဘီလူးချောင်း(၃)၊ စိုင်တင်ဆိုတဲ့ စီမံကိန်း ၁၃ ခုကို ပြည်ပရင်းနှီးမြှုပ်နှံမှုများနဲ့ ဖက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းတွေကနေ မဂ္ဂါဝပ် ၂၁၀၀၀ ကျော်ထွက်ရှိမှာ ဖြစ်ပါတယ်။

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အနာဂတ်စီမံကိန်းများအနေနဲ့ စုစုပေါင်း ၁၃ ခု လျာထားပြီး မဂ္ဂါဝပ် ၁၁၈၅၀ ထပ်မံထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ကိုယ်တိုင်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်တာ ရှိသလို အခြားတစ်ဖက်ကလည်း ပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်ပြီး Joint Venture (JV)စနစ်၊ Build, Operate and Transfer (BOT) စနစ်တွေနဲ့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ အဲဒီ ဆောင်ရွက်ခဲ့ခြင်းကြောင့် မကြာမီမှာ ပြည်တွင်းလိုအပ်ချက် လျှပ်စစ်ဓာတ်အားကို ဖူလုံအောင် ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အပြင် ပိုလျှံတဲ့လျှပ်စစ်ဓာတ်အားတွေကို အိမ်နီးချင်းနိုင်ငံများဆီ ရောင်းချပြီး နိုင်ငံတော်ဝင်ငွေ တိုးပွားလာစေနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ တကယ်ကို အားရစရာကောင်းတဲ့ အခြေအနေနဲ့ ကြိုးပမ်းစွမ်းဆောင် အောင်မြင်မှုတွေပါပဲ။

မန္တလေးတိုင်းအတွင်းက အကြီးစားစက်ရုံစီမံကိန်းတွေကို ပြန်ကြည့်မယ်ဆိုရင် မူလကကင်းတားရေအားလျှပ်စစ်စက်ရုံသာ ရှိခဲ့ရာကနေ ၁၉၈၈ နောက်ပိုင်းမှာ ဆည်တော်ကြီးစက်ရုံ ၂၅ မဂ္ဂါဝပ်၊ ပေါင်းလောင်းစက်ရုံ မဂ္ဂါဝပ် ၂၈၀ တို့ကို တိုးတက်တည်ဆောက်ပေးနိုင်ပါတယ်။ ဆက်လက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၇၉၀၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၁၄၀ နဲ့ နန်ချိုရေအားလျှပ်စစ် စီမံကိန်း မဂ္ဂါဝပ် ၄၀ တို့ကို တည်ဆောက်ဆဲဖြစ်ပါတယ်။ အဲဒီစီမံကိန်းများကနေ မဂ္ဂါဝပ် စုစုပေါင်း ၉၇၀ ထုတ်လုပ်ရရှိမှာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်က မန္တလေးတိုင်းရဲ့ ဓာတ်အားသုံးစွဲနိုင်မှုဟာ ယူနစ်သန်းပေါင်း ၁၈၃ ဒသမ ၅၉ သာရှိခဲ့ရာကနေ ယခုအချိန်မှာ ယူနစ်သန်းပေါင်း ၁၀၅၈ ဒသမ ၆၁၃ အထိ တိုးတက်သုံးစွဲနေခဲ့ပြီဆိုတာကိုလည်း သတိပြုစေလိုပါတယ်။

အဲဒီလို ထုတ်လုပ်ရရှိတဲ့ လျှပ်စစ်ဓာတ်အားများကို ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ဖို့အတွက်လည်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်းစီမံကိန်းတွေ၊ ပင်မဓာတ်အားခွဲရုံ စီမံကိန်းတွေကို ပြည်နယ်တိုင်းအနှံ့ တည်ဆောက်ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီ ဝန်ကြီးဌာနအောက်မှာပဲ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ ရုံရှိပြီး ၃၅၈၅၉ ဒသမ ၂ ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းအတွင်း ဓာတ်အားဖြန့်ဖြူးမှုကိုကြည့်ရင် ရွှေလီ-မန်စံ-ရွှေစာယံ မဟာဓာတ်အားလိုင်း စီမံကိန်း အပါအဝင် 230 KV မဟာဓာတ်အားလိုင်းစီမံကိန်း ရှစ်ခု၊ 132 KV မဟာဓာတ်အားလိုင်း စီမံကိန်း ခုနစ်ခု၊ 230 KV ပင်မဓာတ်အားခွဲရုံစီမံကိန်း ခုနစ်ခု၊ 132 KV ပင်မဓာတ်အားခွဲရုံစီမံကိန်းနှစ်ခု တည်ဆောက်ပြီး ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းအတွင်း ၁၉၈၈ ခုနှစ်မတိုင်မီက မီးသုံးသူအိမ်ထောင်စု ၈၁၄၂၀ သာရှိခဲ့ရာကနေ ယခုလက်ရှိ အခြေအနေမှာ အိမ်ထောင်စု ၃၁၁၆၉၆ အထိ လေးဆနီးပါး တိုးမြှင့်လာတာကိုလည်း တွေ့ရှိရပါတယ်။

အခု ကျွန်တော်တင်ပြခဲ့တာက လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်လို့ အဓိကကျတဲ့ ရေအားလျှပ်စစ်အပိုင်းကိုသာ ထင်သာမြင်သာရှိအောင် ဖော်ပြ ရှင်းလင်းနေခြင်းဖြစ်ပါတယ်။ ကျန်တဲ့ ရေအားလျှပ်စစ်စက်ရုံ အလတ်စား၊ အသေးစား၊ ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ရုံ၊ ဇီဝဓာတ်ငွေ့သုံး ဓာတ်အား ပေး စက်ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၊ စွန့်ပစ် အပူသုံး စက်ရုံ၊ ရေနွေးငွေ့သုံးစက်ရုံစသဖြင့် အသေးစားဌာနပိုင်၊ ပုဂ္ဂလိက ပိုင်စက်ရုံတွေကို မဖော်ပြတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်တွေဟာ ထူးထူးခြားခြား အသိအမှတ်ပြုရလောက်အောင်ကို ပြီးပြည့်စုံနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ လတ်တလောအခြေအနေမှာ လျှပ်စစ်ဓာတ်အားလောက်ငမှုမရှိသေးတာ မှန်သော်လည်း ရေရှည်အကျိုးစီးပွားကို မျှော်တွေးပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ဖြန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက် နေတဲ့လုပ်ငန်းတွေ ဘယ်လောက်များပြားတယ်၊ လုပ်ငန်းပမာဏ ဘယ် လောက်ကြီးမားတယ်ဆိုတာ အလွယ်တကူ လေ့လာသိရှိနိုင်ပါတယ်။ လောလောဆယ် ဖူလုံမှုမရှိသေးပေမယ့် မကြာမီမှာ ဖူလုံတဲ့အဆင့်ကို ကျော်လွန်ပြီး ပိုလျှံလို့ ပြည်ပကိုတောင် ရောင်းချနိုင်တော့မယ့် အခြေအနေကောင်းတွေက အသင့်လမ်းခင်းထားပြီးသား ဖြစ်နေပါပြီ။ ကျွန်တော်တို့က ဒီလမ်းအတိုင်း သက်သောင့်သက်သာနဲ့ ဆက်လျှောက်သွားရုံပါပဲ။ မကြာမီမှာ မီးပျက်တယ်ဆိုတဲ့ ဝေါဟာရ တစ်ခုဟာ ကျွန်တော်တို့ နေ့စဉ်သုံးစကားတွေထဲကနေ ပျောက်ကွယ်သွားဖို့ သေချာသလောက်ပါပဲလို့ ဆိုနိုင်ပါတယ်။

အခုကျွန်တော်တင်ပြခဲ့တဲ့ လျှပ်စစ်မီးနဲ့ သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ချက်တွေ၊ မန္တလေးတိုင်းနဲ့ မိတ္ထီလာခရိုင်အတွင်း ဆောင်ရွက်ပေးချက်တွေကို လေ့လာကြည့်ရင် ပြည်ဖျက်အုပ်စုတွေ ပြောနေတဲ့ Signature Campaign လုပ်ရပ်ဟာ ပြည်သူကို နားလှည့်ပါးရိုက် လုပ်နေတယ်ဆိုတာ ထင်ရှားလှပါတယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ရုတ်ရုတ် ရုတ်ရုတ်ဖြစ်ရင်ပြီးရောဆိုတဲ့ အခြေခံဆန့်ကျင်လိုစိတ်နဲ့ ပြည်သူကိုမြှောက်ပင့်သွေးထိုးအသုံးချနေတယ်ဆိုတာ အထူးပြောဖို့မလိုတော့ပါဘူး။ ဒါကိုသွားပြီး နားယောင်ရင်တော့ မယောင်မလည်နဲ့ အချောင်ခံရဖို့ပဲ ရှိပါလိမ့်မယ်။ သူတို့ကတော့ ဒီလိုပဲ မြှောက်ပင့်သွေးထိုးတွန်းတင်ပေးပြီး တကယ့်အရေးအကြောင်းဆိုတော့ နောက်ပြန်လှည့်ကြည့်ရင်ပါမလာတော့တာ အားလုံးအသိပါ။ အစပိုင်းမှာတော့ တို့မီးရှို့မီးလုပ်ပြီး တကယ်လည်း အကြီးအကျယ်လောင်ပြီဆိုရော ကိုယ့်အထုပ်ကိုယ်ထမ်းပြီး လွတ်ရာအဝေးကို ဦးအောင်ပြေးတတ်တဲ့ လူစားမျိုးတွေဆိုတာ ပြည်သူကလည်း ကောင်းကောင်းကြီး သဘောပေါက်နေပါပြီ။

ဦးခင်မောင်ကြီးပြောသလို သူတို့ဟာ ၁၉၉၀ ရွေးကောက်ပွဲတုန်းကလည်း ပထမပိုင်းမှာ မဝင်ဘူးပြောတယ်။ နောက်ကျမှဝင်မယ်ဆိုပြီး ဖြစ်ပြန်တယ်။ နောက်တစ်ခါ အမျိုးသားညီလာခံကြီးမှာလည်း မဝင်ဘူး၊ ဝင်မယ်၊ ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး နောက်ဆုံးတော့ ညီလာခံမှာ ပါခဲ့တာပါပဲ။ နောက်ပိုင်းကျမှာသာ ဒေါ်စုကြည်ရဲ့ ညွှန်ကြားချက်ကြောင့် အိပ်ရာလိပ်ထမ်းပြီး လှည့်ပြန်ခဲ့ကြတာမဟုတ်လား။ အခုလည်းပဲ ၂၀၁၀ ရွေးကောက်ပွဲမှာ မဝင်ဘူး၊ ဝင်မယ်နဲ့ တကယ့်ကို ရှုပ်နေတာပါပဲ။ ဝင်မယ်ဆိုရင်လည်း ဝင်ကြပါ။ ပြည်သူလူထုရဲ့ တရားသဖြင့် အဆုံးအဖြတ်ကို ကျေကျေနပ်နပ်ကြီး ခံယူကြပါ။ ဝင်မလို၊ မဝင်မလိုလုပ်ပြီး ပြည်သူတွေကြားမှာ သို့လောသို့လောနဲ့ စိတ်သေလက်ချမနေရအောင် မလုပ်သင့်ပါဘူး။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❑

မန္တလေးတိုင်းအတွင်း စီမံကိန်းအရ ရွေးချယ်ထားတဲ့ ကျေးရွာပေါင်း ၄၁၁၉ ရွာရှိတဲ့အနက် ရွာအားလုံးမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၆၃၉၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့။ ဒါကြောင့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိပြီးဖြစ်။ မိတ္ထီလာခရိုင်အတွင်း ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း ၇၅၇ ရွာရှိပြီး ရွာအားလုံး ရေရရှိရေး လုပ်ငန်းပေါင်း ၁၂၆၀ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့။

မြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြမော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှေ့ဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြမော်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဘဏ်ခွဲ မန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအဘိဓာန်စာအုပ် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာစာပေကို လေ့လာလိုက်စားသူများ၊ တက္ကသိုလ်ကောလိပ်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ အထက်တန်းကျောင်းသားများနှင့် အများပြည်သူတို့ အကိုးအကားပြုလက်ကိုင်ထားသင့်သော မြန်မာအဘိဓာန် (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် တည်းဖြတ်ပုံနှိပ်ခြင်း)ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနက ယနေ့စတင်ထုတ်ဝေရောင်းချကြောင်း၊ မြန်မာဘာသာစကားနှင့်ပတ်သက်၍ အနက်အဓိပ္ပာယ်၊ စာလုံးပေါင်းသတ်ပုံ စသည်တို့ကို အလွယ်တကူကိုးကားနိုင်သော လက်စွဲမြန်မာ အဘိဓာန်အဖြစ် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာစာအဖွဲ့သည် မြန်မာအဘိဓာန် အကျဉ်းချုပ်ငါးတွဲကို ၁၉၇၈ ခုနှစ်က စတင်ပြုစုပြီး ၁၉၈၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ မြန်မာအဘိဓာန်ငါးတွဲကို အခြေခံပြုပြင်ကာ မြန်မာအဘိဓာန်ကို ကမ္ဘာ့အထိ ပါဝင်သည့် ကျမ်းတစ်စောင်အဖြစ် ပြုစု၍ ၁၉၉၁ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ၁၉၉၁ ခုနှစ်က ထုတ်ဝေခဲ့သော မြန်မာအဘိဓာန် (က-အ)သည် ယခုအခါ ရှားပါးသော စာအုပ်ဖြစ်နေသဖြင့် အများပြည်သူ အကျိုးငှာ ဒုတိယအကြိမ် ထုတ်ဝေရန် လိုအပ်နေပြီဟု ယူဆသောကြောင့် ၁၈ နှစ်ကြာ သက်တမ်းရှိနေသော မြန်မာအဘိဓာန်(က-အ)ကို ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေရန် လွန်ခဲ့သော နှစ်နှစ်ကျော်ကတည်းက စတင်တည်းဖြတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာအဘိဓာန်ကို ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ရာတွင် ပထမအကြိမ် ထုတ်စာအုပ်၌ဖော်ပြထားသော ဝေါဟာရ အချို့၏ အသံထွက် အနက်အဓိပ္ပာယ်တို့ကို ပိုမိုပြင်ဆင်ပြေအောင် ပြုပြင်ခြင်း၊ ဝေါဟာရအချို့ကို ရုပ်ပုံများဖြင့် ဖော်ပြလျှင် ပိုမိုထိရောက်နားလည်စေမည်ဟု ယူဆသဖြင့် ဆိုင်ရာဝေါဟာရများတွင် ရုပ်ပုံများ၊ ရုပ်ပုံညွှန်းများ ဖြည့်စွက်ဖော်ပြခြင်း၊ ဝေါဟာရအချို့ကို ဖြည့်စွက်ခြင်းဖြင့် စိစစ်တည်းဖြတ်ထားသည်။

ယခုထုတ်ဝေသော မြန်မာအဘိဓာန်တွင် တည်ပုဒ်ပေါင်း ၁၈၀၀၀ ကျော် ပါဝင်သည်။ ဘာသာစကားဆိုင်ရာ ဝေါဟာရများသာမက ပညာရပ်ဆိုင်ရာ ဝေါဟာရများကိုလည်း အထိုက်အလျောက် ထည့်သွင်းပေးထားသည်။ အနက်အဓိပ္ပာယ်ကို လွယ်ကူသောစကားလုံးများဖြင့် ကျစ်ကျစ်လျစ်လျစ် ဖွင့်ဆိုသည်။ နောက်ဆက်တွဲအဖြစ် ချင့်ဝန်၊ ချိန်ဝန်၊ အတိုင်းအတာစနစ်များ၊ ၁၂ ရာသီ အရုပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယားများကိုပါ ဖော်ပြပေးထားသည်။

မြန်မာအဘိဓာန်ကို ကွန်ပျူတာတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာအဘိဓာန် ကွန်ပျူတာစီဒီကိုလည်း စာအုပ်နှင့်တစ်ပါတည်း ထည့်သွင်းပေးထားသည်။ ကွန်ပျူတာစီဒီကို အသုံးပြုရာတွင် ယခင်က ထုတ်ဝေခဲ့သော အဘိဓာန်စီဒီများကဲ့သို့ ကွန်ပျူတာတွင် စီဒီထည့်ထားပြီးမှ အသုံးပြုနိုင်ခြင်းမျိုးမဟုတ်တော့ဘဲ တစ်ကြိမ်ထည့်သွင်းထားရုံမျှဖြင့် အသုံးပြုနိုင်စေရန် လုပ်ဆောင်ပေးထားသည်။

မြန်မာအဘိဓာန်စာအုပ်ကို စက္ကူဖြူချောဖြင့် သပ်ရပ်စွာပုံနှိပ်ထားပြီး (ကွန်ပျူတာသုံးစီဒီအပါအဝင်) ရောင်းဈေး ကျပ် ၇၀၀၀ဖြင့် မြန်မာစာအဖွဲ့ဦးစီးဌာနနှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ စာအုပ်ဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်သည်။ ယခုထုတ်ဝေသော မြန်မာအဘိဓာန်အပါအဝင် မြန်မာစာအဖွဲ့ ဦးစီးဌာနမှ ထုတ်ဝေထားသော မြန်မာ-အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်-မြန်မာအဘိဓာန် စာအုပ်များကို ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်ပြီး အိမ်အရောက်ပေးပို့စေလိုပါက အပိုကြေးပေးစရာမလိုဘဲ ရောင်းဈေးအတိုင်း Novel Light Express ဖုန်း-၃၉၀၁၈၆ သို့ ဆက်သွယ်မှာကြား ဝယ်ယူနိုင်သည်။

မြန်မာစာအဖွဲ့သည် အဘိဓာန်ကျမ်းများအပြင် မြန်မာသဒ္ဒါကျမ်း၊ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာစကား၊ မြန်မာစာ မြန်မာစကား၊ မြန်မာဆိုရိုးစကား၊ အလင်္ကာပုံတွဲများ(၂)၊ ရွှေစည်းခုံ မွန်ကျောက်စာ လေ့လာချက်၊ မြန်မာပင်ရစ်ခွဲထားရာကန်နှင့် မြန်မာစာမြန်မာမှု ပါဠိအဘိဓာန်သစ် စာအုပ်များကိုပါ ပြုစုထုတ်ဝေထားပြီး မြန်မာစာအဖွဲ့ဦးစီးဌာန အမှတ်(၅၇)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံတွဲခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ရခိုင်ပြည်နယ်မွှောရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသား၊ ခရိုင်သူ ခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုရယူနိုင်ရန်အတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးကျောင်းသား၊ ကျောင်းသူများသည် အမှတ်စာရင်းမိတ္တူနှင့် ကျောင်းထောက်ခံချက်ပူးတွဲ၍လည်းကောင်း စာရင်းပေးထားပြီးဖြစ်ရာ ဆုပေးပွဲအခမ်းအနား၌ ကိုယ်တိုင်တက်ရောက်၍ ဆုလက်ခံရယူကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၇၇၆၈၇၈၊ ၀၉၅၁၂၆၃၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉၅၁၂၁၅၂၂၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၃၊ ၀၉၅၁၃၆၄၀၁၊ အတွင်းရေးမှူး(၂) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉၅၁၁၂၂၀၇၊ အတွင်းရေးမှူး(၃) ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ စာရင်းစစ် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ စာရင်းစစ် ဦးမြင့်ဆွေ ဖုန်း-၅၄၈၈၉၂၄ နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိခင်စိတ်ဓာတ်

- 'သမီး' 'အမေ' 'အဘွား' အရွယ်ခြား၍ ကွဲပြားခဲ့မှု ဘယ်မတူလည်း ဖြူစင်စွဲဝင် မိခင်စိတ်ဓာတ်။
- သမီးအရွယ် ပျိုနုနယ်စွ တွယ်တာထူးခြား မိသားစုပေါ် မျှော်ခေါ်ထောက်ထား ကြင်နာပွားသည် ထူးခြားစတင် မိခင်စိတ်ဓာတ်။
- အမေသည်ကား သားကိုသခင် လင်ကိုဘုရား ပမာထား၍ စားလည်းနောက်က အိပ်နောက်ကျနှင့် တက်ကြွမွန်မြတ် မိခင်စိတ်ဓာတ်။
- အဘွားဖြစ်ပေ တာဝန်ကျေဟု မသွေချန်လုပ် မသတ်မှတ်နှင့် မပြတ်ဆပွား သားကားအချစ် မြေးအနှစ်ပင် မိခင်စိတ်ဓာတ်။
- ဤစိတ်ဓာတ်ကို သုံးသပ်သေချာ သိနေပါသည့် မြန်မာအမျိုးသမီး အဖွဲ့ချုပ်ကြီးကား စုစည်းဝင့်ထည် အရွယ်သုံးပါး အားလုံးအကျိုး အမျိုးသမီးထု ပြုစုစောင့်ရှောက် ချီးမြှောက်ထောက်ပံ့ အနှံ့ကြည်ဖြူ ဖေးကူမပြတ် မိခင်စိတ်ဓာတ်။ ။

ဒေါက်တာသန်းဦး

နေပြည်တော်မြန်မာ့အသံ

(စနေနေ့- နံနက်+နေ့လယ်+ည) (၂၁-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နွတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်	၁း၁၀	ပညာရေးအစီအစဉ် (ဘီအီဒီ-သမိုင်းသင်ပြနည်း)
၇း၀၅	တရားတော်(မင်္ဂလသုတ်) (မွမ္မဟာတေးဒေသ)	၁း၂၀	တေးပဒေသာ
၇း၂၀	(၃၈)ဖြာမင်္ဂလာ	၁း၃၀	အစီအစဉ်ပြီး၏။
၇း၃၅	နံနက်ခင်းတေးဒေသာ	၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း	၄း၂၀	ဆောင်းပါး (စကားပြေဖော်)
၈း၁၀	နံနက်ခင်းတေးပဒေသာ	၄း၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ပထဝီဝင်)
၈း၃၀	လောကနီတိ အသိရှိစေဖို့ (အသိတရား)	၅း၀၀	လေ့လိုင်းကြားကတွဲ(ဇာတ်သဲ)
၈း၄၅	တေးပဒေသာ	၅း၁၀	တေးပဒေသာ
၉း၀၀	ဘဝအသွင် ကဏ္ဍာအမြင် (ပြည်သူ့အတွက် မြန်မာ့အသံ)	၅း၂၅	သတင်းဆောင်းပါး
၉း၃၀	တေးပဒေသာ	၅း၃၀	ခေတ်မမှေးသောတေးများ
၉း၄၀	မွေးနေ့လက်ဆောင်	၆း၀၀	ညနေခင်းသတင်း
၉း၄၅	အာဆီယံအစီအစဉ်	၆း၀၅	တေးချစ်သူရွှေသီ တေးပန်းချီ
၁၀း၀၀	မင်္ဂလာလက်ဆောင်	၆း၃၀	တေးပဒေသာ
၁၀း၂၅	တေးပဒေသာ	၇း၀၀	နိုင်ငံတကာသတင်း
၁၀း၃၀	သတင်းစာအာဘော်	၇း၁၀	သုတအကြိုက်သုအသွင် (မြေတီဦး)
၁၁း၀၀	နေ့လယ်ခင်းသတင်း	၇း၃၀	ကျန်းမာရေးရာ သိကောင်းစရာ (ဆေးဖက်ဝင် လယ်ကန်စွန်းပင်)
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ) နေ့လယ်ခင်းတေးပဒေသာ	၇း၄၅	တေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနှုန်းဆင်စရာ (ပပလီအိပ်မက်)	၈း၀၀	ပြည်တွင်းသတင်း
၁၁း၅၅	တေးပဒေသာ	၈း၁၀	သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၁၂း၀၀	စံတော်ချိန်+တေးပဒေသာ	၈း၂၀	ညချမ်းချိန်ခါ တေးပဒေသာ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (သစ္စာတိုင်ပတ်ပျိုး၏ရသ) နေ့လယ်ခင်းတေးပဒေသာ	၉း၀၀	နိုင်ငံတကာအနုပညာ(၃၈) လူမှုရေးဦးတည်ချက်
၁း၀၀	မွန်းလွဲပိုင်းသတင်း	၉း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ်
		၁၀း၀၀	အစီအစဉ်ပြီး၏။

❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သူတို့အနေနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာလည်း No-Vote ပြောလိုပြော၊ Vote-No ဆိုလိုဆို တတ်သမျှ မှတ်သမျှ နည်းလမ်းစုံသုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်မပြုနိုင်အောင် အင်တိုက်အားတိုက် ကြိုးစားဆန့်ကျင်ခဲ့ကြတာ အားလုံးအသိပါ။ သို့သော်သူတို့ရဲ့ အဖျက်လုပ်ရပ်က လုံးဝမအောင်မြင်ခဲ့ပါဘူး။ သူတို့ ဘယ်လောက်ပဲကြိုးစား ကြိုးစား၊ ပြည်သူက သူတို့ဘက်ကို မပါခဲ့ပါဘူး။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မကြိုးဖူး ထူးခြားလှတဲ့ ထောက်ခံမဲမဲဆန္ဒနဲ့ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ သူတို့ဖျက်ဖို့ ကြိုးစားပါလျက်နဲ့ မအောင်မြင်ဘဲ ပြည်သူက ပြတ်ပြတ်သားသား ထောက်ခံအတည်ပြုပေးလိုက်တဲ့အခါကျမှ ဒါကိုလက်မခံနိုင်ပါဘူး။ ဒါကို ပြန်ပြီး Review လုပ်ဖို့ လိုပါမယ်။ ဒါမှ အသိအမှတ်ပြုနိုင်ပါမယ် စသဖြင့် သူ့ခိုးက လူပတ်နေတာတွေကိုလည်း လုံးဝစွန့်လွှတ်သင့်ပါပြီ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒါဟာ ပြည်သူ့သဘောထားကို မလေးစားရာ၊ ပြည်သူရဲ့ Mandate ကို ပစ်ပယ်ရာ ရောက်စေပါတယ်။

တကယ်တော့ ဒီမိုကရေစီစနစ်မှာ ပြည်သူသည် အဆုံးအဖြတ်ပေးသော ပုဂ္ဂိုလ် (Decision Maker) ပါပဲ။ နိုင်ငံရေးပါတီများဟာ ပြည်သူ့ရဲ့ ဆန္ဒသဘောထားကို အလေးထားရသလို ပြည်သူ့ရဲ့အဆုံးအဖြတ်ကိုလည်း ကျေကျေနပ်နပ်ကြီး နာခံကြရပါတယ်။ ဒါကို NLD က လူကြီးတွေလည်း မသိမဟုတ်လောက်ဘူးထင်ပါတယ်။ သို့သော် တည်ဆဲအစိုးရက သည်းခံခွင့်လွှတ်ပေးနေတာတွေကို လိုသည်ထက် အခွင့်အရေးယူပြီး ဆန့်ကျင်စကားတွေ၊ ဆန့်ကျင်တဲ့လုပ်ရပ်တွေ၊ ဆူပူမှုဖြစ်ဖြစ်အောင် လှုံ့ဆော်တဲ့ လုပ်ရပ်တွေကို ဖွတ်တိုးပြီး လုပ်နေကြတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သို့သော် နိုင်ငံနဲ့ ပြည်သူ့ရဲ့ တည်ငြိမ်မှုနဲ့ အေးချမ်းမှုကို ထိခိုက်ပျက်ပြားလောက်သည်အထိ ရှေ့တိုးလာမယ်ဆိုရင်တော့ ထိုက်သင့်တဲ့ အရေးယူမှု ဆိုတာလည်း ရှိလာနိုင်ပါတယ်။ အဖွဲ့အစည်းတစ်ရပ်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ဖြစ်စေ ဘယ်သူမှ ဥပဒေရဲ့ အထက်မှာမရှိနိုင်တာကို နားလည်ကြစေချင်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ပါတီရဲ့ နိုင်ငံရေးအကျိုးစီးပွားတစ်နည်းအားဖြင့် ကိုယ့်ပါတီအာဏာရရေးအတွက် ဘာ Campaign ၊ ညာ Campaign ဆိုပြီး ပြည်သူကို ခုတုံးလုပ်အသုံးချဖို့ ကြိုးပမ်းတာတွေကို ရပ်တန့်ကရပ်သင့်ပါပြီ။ တရားဝင်သိက္ခာရှိတဲ့ ပါတီကြီးတစ်ရပ်အနေနဲ့ တစ်ဖက်က မိမိပါတီ အကျိုးစီးပွားကို ဥပဒေဘောင်အတွင်းက ဆောင်ရွက်သလို အခြားတစ်ဖက်ကလည်း ပြည်သူ့ရဲ့ဂုဏ်သိက္ခာ၊ ပြည်သူရဲ့အဆုံးအဖြတ်၊ ပြည်သူရဲ့ဆန္ဒသဘောထားကို လေးစားတန်ဖိုးထားသင့်ပါပြီ။ အလိမ်အညာမှုသာဝါဒတွေကို လမ်းလိုင်းပြီး ဆူပူအုံကြွရေးလမ်းကြောင်းပေါ်ကို ဖွတ်အတင်းဆက်လျှောက်နေမယ်ဆိုရင်တော့ လမ်းမှန်နဲ့ပိုပြီး ဝေးသည်ထက် ဝေးသွားပါလိမ့်မယ်။ အဲဒီလို မဝေးသေးခင် အသိမှန်၊ အမြင်မှန်ရစေချင်ပါတယ်။ လမ်းမှန်ပေါ်မှာ ဖြောင့်အောင်လျှောက်နိုင်မှသာ ပန်းဝင်နိုင်ဖို့ မျှော်လင့်ချက်ရှိမှာဖြစ်ပါကြောင်း စေတနာစကား ပါးလိုက်ချင်ပါတယ်။ ။

❀ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှည်းကူးမြို့နယ် ဒါးပိန်မြို့ သခွတ်ပင်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝါယမအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သခွတ်ပင် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဖောက်လုပ်ထားသည့် အရှည်နှစ်မိုင် အကျယ် ၁၂ပေရှိ ဒါးပိန်-သခွတ်ပင် ကျေးရွာချင်းဆက် ဂဝံလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အမှတ်(၂)လမ်းမကြီးသို့ ရောက်ရှိပြီး မိုင်တိုင်အမှတ်(၂၁/၇)နှင့် (၂၂/၀)ကြား၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းမျက်နှာပြင်ညှိခြင်း၊ ရေပိတ်လွှာလောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ အထွက်တိုး စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆိုင်ရာ ဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) Micro-Credit လုပ်ငန်းဆိုင်ရာဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။

အဆိုပါဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားသည်။ ထို့နောက် ဗဟိုသမဝါယမအသင်း လီမိတက်နှင့် သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသေးစားချေးငွေ(Micro-Credit)၏ အကျိုးကျေးဇူးများနှင့် သိကောင်းစရာများကို ဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ဥက္ကဋ္ဌများက အသေးစားချေးငွေ (Micro- Credit) လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမေးမြန်းကြရာ သမဝါယမဘဏ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးအား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထူးတပ်ဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၀သိန်းကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံပေးအပ်လှူဒါန်းပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

SHINE Universal Services Co.,Ltd. ၏ ပညာရေးဝန်ဆောင်မှု အစီအစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

SHINE Universal Services Co.,Ltd. သည် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများ စင်ကာပူပညာရေးစနစ်အတွင်းရှိ Primary, Secondary and Tertiary School များသို့ သွားရောက် ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့မှု ရှိစေရန်အတွက် Gateway သဖွယ် ကူညီဆောင်ရွက်ပေးနေသော ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းဖြစ်သည်။

မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ မိမိစိတ်ပါဝင်စားရာ ဘာသာရပ်နယ်ပယ်အသီးသီးရှိ ပညာရပ်များကို လေ့လာသင်ယူရန် နွေးထွေးစွာ အကြံပေး ကူညီဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ နှစ်စဉ် လစဉ်အလိုက် ကျောင်းဖွင့်ချိန်အလိုက်လည်း ဘာသာရပ်မျိုးစုံ၊ ကျောင်းမျိုးစုံ၏ ကျောင်းဝင်ခွင့်ရရှိရန် ကူညီလျှောက်ထားပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း အထူးအစီအစဉ်အနေဖြင့် စင်ကာပူသမ္မတနိုင်ငံ Singapore Accountancy Academy (SAA) ကျောင်း၌ မတ်လနှင့် ဇူလိုင်လတွင် ဖွင့်လှစ်မည့် Certified Accounting Technician (CAT) နှင့် ACCA သင်တန်းတို့ကို တက်ရောက်နိုင်ရန် ဝင်ခွင့်လျှောက်ထားပေးမည်ဖြစ်သည်။

SAA ကျောင်းသည် စင်ကာပူသမ္မတနိုင်ငံ၌ ၁၉၈၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်(၂၀)ကျော် သက်တမ်းရှိပြီဖြစ်သည်။ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှလိုအပ်သော အရည်အချင်းမီ စာရင်းကိုင် ပညာရှင်များအဖြစ်သို့ ရောက်ရှိစေရန် လေ့ကျင့်သင်ကြားပေးသော စာရင်းကိုင်ပညာသင်ကျောင်းအဖြစ် Institute of Certified Public Accountants of Singapore (ICPAS)က ဖွင့်လှစ်ထားခြင်းဖြစ်သည်။ SAA ကျောင်းသည် The Consumer Association of Singapore မှပေးအပ်သည့် Case Trust fro Education Accreditation နှင့် Private Education Organization (PEOs) က ပေးအပ်သည့် Singapore Quality Class (SQC) အဖြစ် အသိအမှတ်ပြုခြင်းခံထားရသော စင်ကာပူသမ္မတ နိုင်ငံ၏ ကျောင်းအနည်းငယ်ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

SHINE Universal Services သည် SAA ကျောင်း၌ မတ်လနှင့် ဇူလိုင်လအတွင်း CAT Program ကို တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီလအတွင်း စာရင်းသွင်းမှတ်ပုံတင်သူများကို ရန်ကုန်-စင်ကာပူလေယာဉ်လက်မှတ် အခမဲ့ပေးအပ်မည့်အပြင် ကျန်းမာရေးစစ်ဆေးမှုနှင့် စင်ကာပူသမ္မတနိုင်ငံလေဆိပ်၌ ကြိုဆိုပို့ဆောင်ပေးခြင်းကိုလည်း အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

လစဉ်ပြုလုပ်ပေးနေကျ ပညာရေးဆွေးနွေးပွဲအနေဖြင့်လည်း Nanyang Institute of Management (NIM) ၏ Early Childhood Care & Education, Information Technology, Commerce (Accounting), Computing, Tourism & Hospitality, Marketing, Human Resource Management နှင့် Business Administration ဘာသာရပ်များကို NIM ကျောင်း၏ တာဝန်ရှိသူ ဒေါ်ချိုချိုဝင်းက မတ် ၁ ရက်တွင် SHINE Universal Services ၌ ရှင်းလင်းဆွေးနွေးပြောကြားမည်ဖြစ်သည်။

ဆွေးနွေးပွဲ တက်ရောက်လိုသူများအနေဖြင့် Limited Seats အစီအစဉ်ဖြစ်၍ အမြန်လာရောက် စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက SHINE Universal Services Co., Ltd. အမှတ်(၃၈၊ ၄၀) ဗိုလ်ရာညွှန့်လမ်း ဒဂုံမြို့နယ် ဖုန်း-၃၉၃၀၄၁ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအစီအစဉ်အရ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ဖေဖော်ဝါရီ ၁၂ရက်က အမက(၇)တာမွေမှ ဆရာကြီး ဦးလှထွန်း ခေါင်းဆောင်သော ဆရာမ ၂၀တို့နှင့် ကျောင်းသားကျောင်းသူများ ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးသို့ လေ့လာရေးခရီး သွားရောက်ကြစဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၀ ၉။ **“မင်းမသိသေးပါဘူးကွာ” (ရောင်ရှက်ပျောကြော်၊ ချစ်စရာ၊ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
၈း၅၀ ၁၀။ ကြေးမုံရိပ်သွင်တေးနှယ်ဥ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ **‘သတိတစ်ချက်တစ်သက်အမှား’ (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၀ ၆။ ၂၀၀၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၅ ၈။ အတီးပြိုင်ပွဲ
၅း၃၅ ၉။ မြန်မာစာ၊ မြန်မာစကား
၅း၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၀ ၁၂။ မိုးလေဝသခြေအနေ
၆း၁၅ ၁၃။ သုတစုံလင် ရွှေညဏ်ရှင်
၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မှုန်တိုင်း” (အပိုင်း -၅၄)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာလမ်းဆုံ” (အပိုင်း-၂)**
၁၉။ အစီအစဉ်ပြီး၏။

● မိုးခေါင်သည့်ကာလမှ

သစ်ကွင်းများကို ထူထူထဲထဲမျဉ်းကြောင်းများအဖြစ် တွေ့မြင်ရကြောင်း၊ မိုးခေါင်သည့်ကာလများ၌မူ သစ်ကွင်းများ၏မျဉ်းကြောင်းများမှာ သေးသေးသွယ်သွယ်ဖြစ်ကြောင်း ဘတ်ကလေက ပြောကြားသည်။

အင်ဒိုနီးရှားဒေသ၌ ပေါက်ရောက်ခဲ့သော ရှေးဟောင်းထင်းရှူးတောများသည် နှစ်ပေါင်း ၂၀ကျော်ကာလရှည်မိုးခေါင်မှု၏ ဆိုးကျိုးသက်ရောက်မှုများကို တွေ့ကြုံခဲ့ရကြောင်း အမေရိကန်နှင့် ဂျပန်ပူးတွဲ သုတေသန လေ့လာချက်တစ်ရပ်၌ ဖော်ပြသည်။ အင်ဒိုချိုင်းနားဒေသတွင် ၁၃၀၀ပြည့်လွန်နှောင်းပိုင်းနှင့် ၁၄၀၀ပြည့်လွန် အစောပိုင်းနှစ်များအတွင်း ကာလရှည်မိုးခေါင်မှုနှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်ကို သစ်ကွင်းအထောက်အထားများအရ သိရှိရကြောင်း၊ ရာသီဥတုဆိုးရွားသည့် အခြေအနေသည် ခမာယဉ်ကျေးမှုကို ထိခိုက်စေသည်ဟု ယူဆရကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ၁၈ရာစုနှစ်လယ်ကာလတွင်လည်း နှစ် ၃၀ထက်မနည်းကြာမြင့်သည့်ကာလရှည် မိုးခေါင်မှုတစ်ရပ် ထပ်မံဖြစ်ပေါ်ခဲ့သည်ဟု မှတ်ယူရကြောင်း သုတေသီ ဘတ်ကလေက ပြောကြားသည်။ ***အင်တာနက်။***

သစ်ကွင်းများဖြစ်ပေါ်မှုကိုလေ့လာကာ အတိတ်ကာလ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းနိုင်ပြီဖြစ်သည်။ *(ဓာတ်ပုံ-အင်တာနက်)*

စတုတ္ထအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားပြီး ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ Swesone Media Group ၏ သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်သော စတုတ္ထအကြိမ် (၂၀၀၇ ခုနှစ်အတွက်) သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က ဆုရွေးချယ်ပုံအဆင့်ဆင့်နှင့် ဆုရစာအုပ်များအပေါ် အကဲဖြတ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စတုတ္ထအကြိမ် သုတစွယ်စုံစာပေဆု ရရှိကြသူများအား ဆုများကို ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတစွယ်စုံတစ်သက်တာ စာပေဆု ရရှိသည့် ဒေါက်တာခင်မောင်ညွန့်၊ "မြန်မာ့ခရီးသွားဉယျာဉ်အတွင်းမှ ပန်းပွင့်ဟိုတယ်များ"စာအုပ်ဖြင့် လူမှုစီးပွားဘာသာရပ်ဆု ရရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ (ချစ်ဆွေမြင့်)၊ "ဘဝတစ်ကွေ့ကြုံတွေ့ရမှတ်တိုင်များ" စာအုပ်ဖြင့် စာပဒေသာဘာသာရပ်ဆုရရှိသည့် ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)(မှူးသမိန်)နှင့် "ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာ" စာအုပ်ဖြင့် နိုင်ငံတကာရေးရာဘာသာရပ်ဆုရရှိသည့် သံအမတ်ကြီး ဦးလှမောင်(အငြိမ်းစား) (သံအမတ်ကြီး ဦးလှမောင်-ဘောဂ)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးတို့က "ဘဝတစ်ခုစီမံမှု"စာအုပ်ဖြင့် လူငယ်စာပေ ဘာသာရပ်ဆုရရှိသည့် ဦးချစ်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ငြိမ်း) (ချစ်နိုင်-စိတ်ပညာ)၊ "ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝေါဟာရအဘိဓာန်" စာအုပ်ဖြင့် ရည်ညွှန်းစာပေဘာသာရပ်ဆုရရှိသည့် မောင်လှသောင်း(ဘဏ်)၊ "ဧရာဝတီ ဖလော်တီလာ" စာအုပ်ဖြင့် ဘာသာပြန်စာပေ ဘာသာရပ်ဆုရရှိသည့် ကျော်ဦးလှကိုယ်စား မိခင်ဖြစ်သူ ဒေါ်တင်တင်လှ၊ "လာနီညာဆိုတဲ့ မိန်းကလေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ" စာအုပ်ဖြင့် သုတသိပ္ပံ ဘာသာရပ်ဆုရရှိသည့် မောင်ထွန်းလွင်(မိုးလေဝသ)၊ "ကျန်းမာစေဖွယ် နည်းအသွယ်သွယ်" စာအုပ်ဖြင့် အသုံးချ သိပ္ပံဘာသာရပ်ဆုရရှိသည့် အောင်(ဆေး-၁)နှင့် "ကမ္ဘာ့သိ မြန်မာများနှင့် ကမ္ဘာသိမြန်မာစာအုပ်များ" စာအုပ်ဖြင့် ဝိဇ္ဇာဘာသာရပ်ဆုရရှိသည့် မောင်ဇေယျာတို့အား ဆုများကိုချီးမြှင့်သည်။

ယင်းနောက် Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဇနီး ဒေါက်တာခင်မိုးမိုးတို့က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် လှူဒါန်းငွေကျပ် ခုနစ်သိန်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)တို့သို့လည်းကောင်း၊ ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဦးဖိုးကျား အထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် ငါးသိန်းကို တာဝန်ရှိသူသို့လည်းကောင်း ပေးအပ်လှူဒါန်းကာ ဆုရွေးချယ်ရေးအဖွဲ့သို့ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား စာရေးဆရာမှူးသမိန်၊ ချစ်ဆွေမြင့်နှင့် သုတစွယ်စုံ တစ်သက်တာ စာပေဆုရ ဒေါက်တာ ခင်မောင်ညွန့်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း စတုတ္ထအကြိမ်(၂၀၀၇ ခုနှစ် အတွက်) သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သုတစွယ်စုံ တစ်သက်တာ စာပေဆုရရှိသည့် ဒေါက်တာ ခင်မောင်ညွန့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ ကြံခင်းနှင့် မြန်အောင်မြို့နယ်တို့၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေသည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် သစ်ဆိမ့်ကိုင်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဓမ္မာရုံ၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက် အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း (အင်းလပ်အရှေ့)၌ မြို့နယ်တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများအားတွေ့ဆုံပြီး အခြေခံပညာ မူလတန်းကျောင်း(အင်းလပ်အရှေ့) တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ဂျို့ပင်ကျေးရွာနှင့် ကျည်တိုင်ကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ ကျောင်းဥပမိရပ် ကောင်းမွန်ရေး ပြုပြင်ရန်အတွက်လည်းကောင်း အလှူငွေများကို ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကျီးကွင်းကျေးရွာနှင့် တလုတ္တော် ကျေးရွာတို့ကိုဆက်သွယ်သည့် ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်နေမှုများကိုလည်းကောင်း၊ တလုတ္တော်ကျေးရွာ ချောင်းကူးတံတား တည်ဆောက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆင်ကျုံးကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်မိရပ်ဖများအားတွေ့ဆုံကာ ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ ငပိဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ရင်းတိုက်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများသို့သွားရောက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်း ခုနစ်ကျောင်း ပြုပြင်ရန် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် သရက်ပင်ဆယ်ကျေးရွာ၌ကျင်းပသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံ ပြည်သူများ ပူးပေါင်းတည်ဆောက်သော အရှည်ပေ ၁၀၀၊ အကျယ် ၁၂ပေရှိ သရက်ပင်ဆယ် တံတားဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး မဲဇင်းကျေးရွာ ဒေသခံပြည်သူများအားတွေ့ဆုံကာ အိုးလည်ပင်းကျေးရွာ၊ အစယ်ကျေးရွာ၊ တိုက်ကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် လက်ပံကွင်း၊ ညောင်ခြေထောက်နှင့် အညာစုကျေးရွာများ၌ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ရန် အလှူငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ ကြံခင်းမြို့နယ် သစ်ဆိမ့်ကိုင်းကျေးရွာရှိ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သံယောဇဉ်ပြတ်လျှင်နိဗ္ဗာန်ဝင်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၀ - ၁း၅၀	အရေးအတွက်မှအရည်အချင်းသို့
၈း၁၀ - ၂း၁၀	VJ Choice
၈း၃၀ - ၂း၃၀	ဂုဏ်ယူဆင်နွှဲ Yangon Golf Club ရဲ့ ရာပြည့်ပွဲ
၈း၄၀ - ၂း၄၀	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၉း၀၀ - ၃း၀၀	အမျိုးနှင့်မျိုး [နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဧရာ၊ ဝင်းနိုင်(အနုပညာ)] (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	ကုသိုလ်မျှဝေယူကြစေ ပါဒသက်သေ
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	Art Vision (Asean Contemporary Art Exchange)
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (MIEC Pre School)ပညာရိပ်မြုံအကြောင်းသိကောင်းစရာ)
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	Activities In The City (သတ္တမအကြိမ် ဇော်စာပေရှားပါးစာအုပ်ပြပွဲနှင့် ရောင်းပွဲ)
၁၁း၅၀ - ၅း၅၀	Music Talk (ဝင်းဦး)
၁၂း၄၅ - ၆း၄၅	အပြုံးသစ် (ပါမောက္ခဒေါက်တာဘမြင့်၊ ဒေါက်တာမိုးသီတာထွေး)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✻ ကျောဖုံးမှ

တစ်ခုတည်းသာ ဧရာဝတီမြစ်အတွင်းသို့ ပြန်လည်စီးထွက်သဖြင့် ရေထိန်းသိမ်းမှု ကောင်းမွန်သော ကန်ကြီးဟု ဆိုရမည်ဖြစ်သည်။

အင်းတော်ကြီးဒေသတွင် တစ်နှစ်ပတ်လုံးမိုးရွာသွန်းပြီး နှစ်စဉ်ပျမ်းမျှ မိုးရေချိန် လက်မ ၇၀ ခန့်ရရှိသည်။ အမြင့်ဆုံး ပျမ်းမျှအပူချိန်မှာ ၂၈ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံး ပျမ်းမျှအပူချိန်မှာ ၁၇ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ သမပိုင်းအထက် ရွက်ပြတ်တော၊ ရောနှောတောစိုနှင့် တောစိမ်းတောများတွေ့ရှိရသည်။ ကျွန်း၊ ဆေးခါး၊ မအူလက်တံရှည်၊ သက်န်း၊ တောင်တမာ၊ ဘိုင်၊ သတ်ီ၊ ပိုးစာ၊ မျောက်မကွမ်းသွေး၊ ဆင်သဖန်း၊ သစ်ဆိမ့်၊ ကြီးလန်၊ ကနစို၊ ယမနေ၊ မျောက်ငို၊ သစ်နက်၊ လောက်ယားမွှေးရုံး၊ ဖက်ဝင်း၊ ဇင်ပြွန်းငုံ၊ လောက်ယားကြီး၊ ပန်းယား၊ ကညင်၊ သဗ္ဗတ်ခပ်၊ ကုတ်ဟဲ၊ မအူရွှေဝါ၊ တောငွေး၊ ဖန်ခါး၊ ထောက်ကြံ့၊ ဖတ်ဖြူ၊ ခပေါင်း၊ မြင်းလပြွတ်၊ သပွတ်ထိမ်၊ စံကားဝါ၊ ယမထာကြိမ်၊ ဆင်ကြိမ်၊ ဝံကြိမ်၊ ကြက်ဥကြိမ်၊ ကြိမ်နီ၊ တောအုန်း၊ မင်းဘောကြီး၊ ကျောက်မင်းဘော၊ တောကွမ်းသီးပင်၊ ဆူးပတ်လည်၊ ပေါက်ဝါး၊ တင်းဝါး၊ ဝါးနက်၊ ဝါဆိုးမျက်ဆန်ကျယ်ပင်များ ပေါက်ရောက်သည်။ အင်းစပ်တွင် ကျေးပင်၊ ထိမ်ပင်၊ သစကဇင်းနှင့် မအူပင်တို့ပေါက်ရောက်သည်။ ရှားပါးဆေးဖက်ဝင်အပင်များဖြစ်သည့် တပင်တိုင်မြနန်း၊ ကျားလျှာ၊ တောဆေးပုလဲ၊ တပင်နိုင်ရေထီး၊ ကျွဲတရှဉ်း၊ ယာမဟွန်၊ စမား၊ သကြား၊ လန်တန်၊ လင်းနေစုန်း၊ ကျွဲကောနွယ်၊ ဖာလာ၊ ရန်ကာစိုင်း၊ တောမာလကာ၊ ကြဆံနွယ်၊ ရှဉ့်မတက်၊ နန္ဒင်းပင်စသည့် တန်ဖိုးရှိဆေးပင်များ ရှင်သန်ပေါက်ရောက်ရာ ဒေသဖြစ်သည်။

သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေသော တောအုပ်အတွင်း ဆင်၊ ကျား၊ ကျားမင်း၊ ကျားသစ်၊ မြင်းဝံ၊ ဝက်ဝံ၊ ပြောင်၊ စိုင်၊ တောဆိတ်၊ တောင်ဆိတ်၊ မျောက်မြီးရှည်၊ ဆတ်၊ ဂျီ၊ တောဝက်၊ တောခွေး၊ ခွေးအ၊ ဖြူခွေးတူ ဝက်တူ၊ မျောက်စပ်၊ မျောက်လွှဲကျော်၊ မျောက်ဖင်နီ၊ မျောက်ဝံ၊ သင်းခွေချပ်၊ မျောက်ခြသေ့်၊ ဖွတ်၊ ပဒတ်စသည့် တောရိုင်းတိရစ္ဆာန်မျိုးစုံနှင့် ရှားပါးတိရစ္ဆာန်များ၊ လိပ်ပြာများ၊ သစ်ခွမျိုးစုံများနှင့် ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ ရေကြက်စိမ်းများစသည့် ရေပျော်ငှက်မျိုးစိတ် ၉၇ မျိုးကျော်၊ သစ်တောငှက်မျိုးစိတ် ၃၂၇ မျိုးကျော်နှင့် အင်းတော်ကြီးကန်အတွင်း၌ ရှားပါး ရေနေမျိုးစိတ်များဖြစ်သည့် Fresh Water Jelly Fish ငါးများ အပါအဝင် ငါးမျိုးစိတ် ၆၉ မျိုးနှင့်၊ ဖျံ၊ ရေချိုလိပ်များနေထိုင် ကျက်စားကြကြောင်း သိရသည်။

သက်ရှိ သက်မဲ့ ရှားပါးတိရစ္ဆာန်များ၊ အဖိုးတန်သစ်ပင်များ၊ ဆေးဖက်ဝင်အပင်များ၊ ရှားပါးသစ်ခွများ၊ မြောက်များစွာ တည်ရှိပိုင်ဆိုင်သည့် အင်းတော်ကြီးကန် ရေဝပ် ဧရိယာနှင့် ကန်ပတ်လည်ရှိ ရေဝေသစ်တော ငါးခုကို စုစည်း၍ သစ်တောရေးရာဝန်ကြီးဌာနမှ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အင်းတော်ကြီး ဘေးမဲ့တောကို (၁၉၉၃ ခု မတ်လ ၁၄ ရက်နေ့တွင်)စတင် တည်ထောင်ခဲ့သည်။ ကန်ဝန်းကျင်တွင် စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲမှုများအား လူထုပညာပေး ဆွေးနွေးမှုများ ပြုလုပ်ကာ အခြေတကျ ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်စေခြင်း၊ တရားမဝင် အမဲလိုက်မှုများ၊ အလွန်အကျွံထုတ်ယူသုံးစွဲမှုများ၊ အဆိပ်သုံး၍ ငါးဖမ်းခြင်း၊ ငှက်ဖမ်းခြင်းပြုသူများကို ကွင်းဆင်းစည်းရုံးလှုံ့ဆော်အသိပညာပေးခြင်း၊ ဥပဒေပြဋ္ဌာန်း၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းတို့ဖြင့် သဘာဝဘေးမဲ့တောကြီးကို ရေရှည်တည်တံ့အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီး ဘေးမဲ့တောတွင် သက်ရှိ သက်မဲ့များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် တရားမဝင် ထုတ်ယူသုံးစွဲမှုများအား အရေးယူဆောင်ရွက်ခြင်း၊ သတိပေးတားမြစ်ချက် နယ်နိမိတ် သတ်မှတ်ခြင်း၊ ပညာပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါအတွက် လူထုပညာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ သဘာဝအလှအပများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိသကဲ့သို့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် မြန်မာ့သဘာဝ အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဝန်ကြီး ပိုလ်ချုပ်ဌေးဦး သုံးခွနှင့်ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးပိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သာယာကုန်းကျေးရွာရှိ တောင်သူဦးဇော်မိုး၏ ပဲတီရွှေဝါမျိုး ပဲတီစိမ်းစိုက်ခင်း ခုနစ်ဧကြ ပဲများဆွတ်ခူးနေမှု၊ သိုက်တူးကန်ကျေးရွာရှိ တောင်သူ ဦးမြင့်လွင်၏ ပဲတီရွှေဝါမျိုးစိုက်ခင်း(၁၄)ဧကြ ပဲများဆွတ်ခူးနေမှု၊ တောင်သူ ဦးမြင့်သောင်း၏ အထွက်ကောင်းမျိုးဖြစ်သည့် စိုက်ပျိုးရေး(၁) ပဲတီစိမ်းစိုက်ခင်း ရှစ်ဧကြ မျိုးပွားစိုက်ပျိုးထားမှုနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးပိုလ်ချုပ်ဌေးဦး ကျောက်တန်းမြို့နယ်ကဒပွန‌ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။(လယ်/ဆည်)

ထို့နောက် ဝန်ကြီးသည် သုံးခွမြို့နယ် ပိုက်စီးကျေးရွာအနီး၌ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး (၆)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ရေငန်တားတာများ တည်ဆောက်ပြီးစီးမှု၊ သောက်သုံးရေအတွက် တူးဖော်ပြီးစီးသည့် ရေကန်နှင့် ပိုက်စီးရေတံခါးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပျက်စီးသွားသော ကမ်းပတ်တာများကို အမြန် ပြီးစီးရေး ဆောင်ရွက်ပေးနေသည့်အပြင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် လယ်မြေဧကသစ်များကို ထပ်မံဖော်ထုတ်လျက်ရှိကြောင်း၊ ယခုလုပ်ငန်းများ ပြီးစီးပါက လယ်မြေဧကသစ် ၂၃၀၀ ထပ်မံဖော်ထုတ်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး စက်ယန္တရားကြီးများဖြင့် တာတမံမြေဖို့နေမှု၊ ရေနုတ်မြောင်း တူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးသည်ကျောက်တန်းမြို့နယ် ကဒပွန‌ကျေးရွာအနီး ကဒပွန‌ချောင်းပေါ်၌ တည်ဆောက်နေသော သံကူကွန်ကရစ်အမျိုးအစား ကဒပွန‌ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှု၊ ရေခေါ်မြောင်းမကြီးနှင့်ရေထုတ်မြောင်းမကြီး တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၂၅ ၅။ မဟာဂီတ ချိုကြည်မြ
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၂၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၃၅ ၉။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်း စကား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၇)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs) နောင်နောင် (ဆန်းဖလားဝါး) အတ္တအခင်းအကျင်း အပိုင်း(၁)
- ၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်(အပိုင်း-၂၂)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

နာမည်ကြီး ရိုးရာလက်ဝှေ့ကျော်များ ပါဝင်ထိုးသတ်မည့် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

သတင်းနှင့်ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူးပြီး Dagon Brewery Co.,Ltd, Myanmar Media Group နှင့် H & S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို)မှ စီစဉ်ကျင်းပမည့် ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ ညနေပိုင်းက ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဆန်း (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က အဖွင့်အမှာစကားပြောကြားပြီး ဒဂုံဗျူရီကုမ္ပဏီလီမိတက်မှ အရောင်းနှင့် ဈေးကွက်လက်ထောက်အထွေထွေမန်နေဂျာ ဦးသာဖြိုးနှင့် Myanmar Media Group မှ ဒါရိုက်တာအဖွဲ့ဝင် ဦးရဲသူရဝင်းတို့က ပြိုင်ပွဲအားပံ့ပိုးကူညီရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) က ပြိုင်ပွဲစီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(ယာပုံ) ဆက်လက်၍ ပြိုင်ပွဲ၌ကျင်းပမည့် အလွတ်တန်း အောင်လံဆုနှင့် ပထမတန်းအောင်လံဆု ပြိုင်ပွဲများအတွက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအား မဲနှိုက်ရေးဆွဲကြသည်။ ယင်းနောက် တက်ရောက်လာသော စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာအတွင်းရေးမှူး ဦးကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် အောင်လံလုပွဲ နှစ်ပွဲထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အလွတ်တန်းအောင်လံဆုပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံ လုံးချော(ညောင်တုန်း)၊ ပထမတန်းချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)၊ ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ပထမတန်း လက်ဝှေ့ကျော် စောငမန်း (ဘားအံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ လုံးချောနှင့် ရွှေဆိုင်းတို့ကို ဦးစားပေးထားပြီး မဲနှိုက်ရေးဆွဲခဲ့ရာတွင် အကြိုဗိုလ်လုပွဲအဖြစ် ရွှေဆိုင်းနှင့် ရန်ကြီးအောင်၊ လုံးချောနှင့်စောငမန်းတို့ ထိုးသတ်ကြရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် တွေ့ဆုံနေကြသည့် လုံးချောနှင့် စောငမန်း၊ ရွှေဆိုင်းနှင့် ရန်ကြီးအောင်တို့မှာ ပြီးခဲ့သည့်နှစ်က တွေ့ဆုံခဲ့ဖူးသူများဖြစ်ပြီး အရှုံးအနိုင် မပေါ်ခဲ့ကြသူများဖြစ်သည်။ ယခုတစ်ကြိမ်တွင် အချိုးပြည့်သည်အထိ သရေကျပါက အမှတ်ဖြင့်ဆုံးဖြတ်မည်ဖြစ်ရာ အရှုံးအနိုင် သဲသဲကွဲကွဲထွက်ပေါ်လာမည်ဖြစ်ပြီး ဒဂုံရွှေအောင်လံအလွတ်တန်းအောင်လံဆုကိုမည်သူဆွတ်ခူးနိုင်မလဲဆိုတာ ရင်ခုန်စွာ စောင့်မျှော်ရတော့မည်ဖြစ်သည်။ ဆုကြေးအဖြစ်အနိုင်ရရှိသူအား ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရရှိသူအား ငွေကျပ်သိန်း ၂၀နှင့် အကြိုဗိုလ်လုပွဲတွင် ရှုံးနိမ့်သူအား ငွေကျပ်ရှစ်သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ပထမတန်း အောင်လံဆုပြိုင်ပွဲတွင် ဩစတြီးယားပြန် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(K.L.N)၊သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း၊ လူငယ်တက်သစ်စလက်ဝှေ့ကျော်များဖြစ်သည့် ထွန်းထွန်း(မြဝတီ)နှင့် စောဂပရေမှူး (တွံတေး) တို့ရင်ဆိုင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲ နှစ်ပွဲအတွက် မဲနှိုက်ရာတွင် ထူးခြားတိုက်ဆိုင်စွာပင် နာမည်ကြီး လက်ဝှေ့ကျော်နှစ်ဦးဖြစ်သည့် တွေ့မရှောင်နှင့် ဝင်းထွန်းတို့ စောစီးစွာ ထိပ်တိုက် တွေ့ကြရတော့မည်ဖြစ်သည်။ အလဲထိုးနိုင်ပွဲများဖြင့် တစ်ဟုန်ထိုး နာမည်ကြီးလာသူ တွေ့မရှောင်မှာ ၂၀၀၈ ခုနှစ်အတွင်း၌ ဝင်းထွန်းနှင့် တွေ့ဆုံတိုင်း အနိုင်ရခဲ့ရာ နှစ်သစ်တွင် ဝင်းထွန်း ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးစားမှာသေချာလှသည်။ ပထမတန်းအောင်လံဆုအတွက် ယခု အကြိုဗိုလ်လုပွဲမှာ ဗိုလ်လုပွဲထက်ပင် ပိုကောင်းမည့် အနေအထားရှိနေသည်။ အကြိုဗိုလ်လုပွဲနောက်တစ်ပွဲဖြစ်သည့် ထွန်းထွန်းနှင့် စောဂပရေမှူးတို့ပွဲမှာလည်း စိတ်မကျေပွဲပင်ဖြစ်သည်။ ဖေဖော်ဝါရီ ၆ ရက်က ထိုးသတ်ခဲ့သော မျှော်စင်ကျွန်းက လက်သီးပွဲတွင် ထွန်းထွန်းက အနိုင်ရထားသောကြောင့် ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ်လ ၁ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ပြီး အောင်လံလုပွဲအကြိုဗိုလ်လုပွဲနှစ်ပွဲစီနှင့်အတူ တစ်နေ့လျှင် အထူး ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲပါဝင်မည်ဖြစ်သည်။ စိန်ခေါ်ပွဲတွင် စစ်သွေးနှင့်မင်းထက်ကျော်၊ နိုင်ထူးလွင်နှင့် စွမ်းအားရှင်တို့ ပွဲကောင်းများအပါအဝင် အခြားပွဲကြီးပွဲကောင်းများ ပါဝင်မည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များကို ဧပြီ ၄၊ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ရပ်ကွက် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျွန်း တလိုင်မီကျေးရွာ ခမည်းတော် ဦးထွန်းမြိုင်၊ မယ်တော် ဒေါ်စိန်မေတို့မှ ၁၂၉၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက် (တနင်္ဂနွေနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင် /ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၂ ခုနှစ် တပေါင်းလဆန်း ၁၃ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဘောလုံးကွင်းရပ်ကွက် ဘောလုံးကွင်းကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမထံ၌ မိခင် ဒေါ်နှင်းမေမိသားတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၁၆ ခုနှစ် တပေါင်းလဆန်း ၁၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျွန်း သဘော့ချောင်းကျေးရွာ သဘော့ချောင်းကျောင်းခဏ္ဍသိမ်၌ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပါလအား ဥပဇ္ဈာယ်ပြုလျက် ဦးစံအေး၊ ဒေါ်မယ်ငွေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ စကုအလယ်တိုက်ဆရာတော်၊ ဝေယံဘုံသာဆရာတော်၊ မိုးကောင်းကျောင်းတိုက်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ရာ ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူပြီး ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ ပထမပြန်၊ ဓမ္မာစရိယပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့သည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်သည် ၁၃၆၅(၂၀၀၄ခုနှစ်) ဇန်နဝါရီလ ၄ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းခဲ့သော **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့သည်။

ဖေဖော်ဝါရီ ၁၅ရက်က မြောက်ဥက္ကလာပမြို့နယ်အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအတွက် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် သာသနပါလဓမ္မာရုံ ငြိမ်းအေးချမ်းသာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် ပရဟိတအကျိုးတော်ဆောင်အဖွဲ့မှ သွေးလှူရှင် ၇၀ ကျော်တို့က ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြရာ မြို့နယ်သွေးလှူရှင် အသင်းနာယက ဦးမြင့်(ကျိုက်လတ်မိုးမြင့်)က ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်းမြကန်သာကွင်း၌ ဖေဖော်ဝါရီ ၁၂ရက်က ဂေါက်သီးရိုက်ကစားရာ ဦးထွန်းရီက ကျင်းအမှတ်-၈ သို့ ၁၇၄ ကိုက်အကွာမှ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ကစားဖော်များအဖြစ် ဦးကျော်ဝင်း၊ ဦးဦးခိုင်၊ ဦးသက်နိုင်ဝင်း၊ ဦးသန့်ဇင်တို့ ပါဝင်ကစားကြကြောင်း သိရသည်။ (ကြေးမုံ)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ — ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။

(၂) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) — ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၃) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ) — ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

နိုင်ငံတကာအားကစားသတင်း

ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့်မန်ယူ ပရီမီယာလိဂ် ချန်ပီယံဆုဖလားကာကွယ်ရန် အခြေအနေကောင်း

မန်ချက်စတာ ဖေဖော်ဝါရီ ၁၉

မန်ယူနှင့်ဖူလ်ဟမ်တို့၏ ပရီမီယာလိဂ်ပွဲစဉ်(၃)လက်ကျန်ပွဲကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက အိုးလ်ထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သည်။ အဆိုပါပွဲတွင် မန်ယူက ဖူလ်ဟမ်ကို ပွဲချိန် ၁၂ မိနစ်တွင် ပေါလ်စခိုး၊ မိနစ် ၃၀ တွင် ဘာဘာတော့ဗ်နှင့် ၆၃ မိနစ်တွင် ဝိန်းရွန်နေးတို့၏ ဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူသည် ယခုပွဲ အနိုင်ရလိုက်ခြင်းကြောင့် ပွဲစဉ်(၂၅)အပြီးတွင် ရမှတ် ၅၉မှတ်ဖြင့် ဇယားထိပ်၌ ဆက်လက်ဦးဆောင်နေနိုင်ကာ ဒုတိယနေရာက လီဗာပူးကို ငါးမှတ်၊ တတိယနေရာက ဗီလာကို ရှစ်မှတ်နှင့် စတုတ္ထနေရာက ချယ်လ်ဆီးကို ၁၀ မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။

ပြိုင်ပွဲပြီးဆုံးရန် ၁၃ပွဲအလိုတွင် မန်ယူသည် အသင်းကြီးများနှင့် ထိပ်တိုက်တွေ့ဆုံမှုအနေဖြင့် ပွဲစဉ်(၂၉)တွင် လီဗာပူး၊ ပွဲစဉ် (၃၁)တွင် ဗီလာ၊ ပွဲစဉ်(၃၇)တွင် အာဆင်နယ်တို့နှင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရန်သာ ရှိတော့သည်။ ပွဲစဉ်များအနေအထားအရ မန်ယူသည် နောက်ပိုင်းပွဲစဉ်များ၌ ပွဲချောင်သည်ဟုဆိုရမည် ဖြစ်သည်။ ယခုအချိန်တွင် ချန်ပီယံဖြစ်မည့် အသင်းကို ခန့်မှန်းရန်မှာ စောနေသေးသော်လည်း လက်ရှိအချိန်၌ လီဗာပူးကို ငါးမှတ်ဖြတ်ထားနိုင်သည့် မန်ယူမှာ ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို ကာကွယ်ရန် အခြေအနေကောင်းနေပြီဟု ဆိုရမည်ဖြစ်သည်။

☀ **ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်ဆီယန်သည် ဩဂုတ်လက ရရှိခဲ့သည့် ဒူးဒဏ်ရာမှာ ပြန်လည်သက်သာလာပြီး တစ်လအတွင်း ချယ်လ်ဆီးနှင့်အတူ ပြန်ကစားနိုင်တော့မည်ဟု သိရသည်။**

☀ **ပုဂ္ဂိုလ်ရေး ရှုပ်ထွေးမှုများနှင့်အတူ အကြွေးများရှိနေသည့် ပရီမီယာလိဂ် ဒိုင်လူကြီး ကလန်တန်ဘတ်မှာ ဒိုင်လူကြီးတစ်ယောက်၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိဟုဆိုကာ ပွဲကိုင်တွယ်ခွင့်ကို ရာသက်ပန်ပိတ်ခံထားရသူဖြစ်သည်။ သို့သော် ယင်းကိစ္စအတွက် အယူခံအောင်မြင်သဖြင့် လာမည့်ဧပြီလတွင် ကလန်တန်ဘတ်အား ဘောလုံးကွင်းအတွင်း၌ ပြန်လည်မြင်တွေ့ရဖွယ် ရှိနေသည်။**

☀ **အဲဗာတန်နှင့် အက်ဖ်အေဖလားပွဲတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် အနားယူနေရသည့် လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်မှာ လာမည့် တနင်္ဂနွေနေ့၌ မန်စီးတီးနှင့် ကစားမည့်ပွဲတွင် ပြန်လည်ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။**

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ် တိုးလာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မွန်ပြည်နယ်တွင် ဖေဖော် ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် နမ့်စန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၀ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

The LIVE NEWS ဂျာနယ် အမှတ်(၁၂၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၁၂၀) တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ စာပေဟောပြောပွဲစည်းမျဉ်းအချို့၊ မြင်းမူမောင်နိုင်မိုး၏ မိတ်ဆွေကောင်း၊ နီမင်းဆွေ၏ ချစ်စိတ်ရည်(၁၂)၊ ကိုကိုလှိုင်၏ စီးပွားပျက်ကပ်နောက်မှာ ပို၍မလုံမခြုံဖြစ်လာမည့်ကမ္ဘာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက 'မရှိမဖြစ်' ရေသမိုင်းကြောင်း(၃) လှော်ကားရေလှောင်ကန် + Mount Pleasant ထပ်ဆင့်ကန်သာ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၁၄)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂၃)၊ အာရှမိုး၏ အစိုးရတပ်များက အကြီးအကျယ် အသာစီးရသွားတဲ့ သီရိလင်္ကာတမီလ်ကျားသူပုန် ရှင်းလင်းရေးတိုက်ပွဲများ၊ မိုး(ပျဉ်းမနား)၏ ဥယျာဉ်မှူးဖေဖေ မေမေ၊ အမေရိကန်နိုင်ငံ၏ ဒေါ်လာ ၇၈၇ ဘီလီယံပမာဏရှိ စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်၊ ရုရှားရေတပ်သင်္ဘောတစ်စင်းက ဆိုမာလီဓားပြသင်္ဘော သုံးစင်းအား ဖမ်းဆီးခဲ့၊ တစ်စည်လျှင် ၃၄ ဒေါ်လာအောက်ရောက်ရှိနေသော ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ဆက်လက်ကျဆင်းဖွယ်ရှိဟုဆို၊ ၁၈ နှစ်အတွင်း နှင်းမုန်တိုင်းများ အကြီးအကျယ်ကျရောက်ခဲ့တဲ့ အနောက်ဥရောပ၊ စင်ကာပူစီးပွားရေးအတွက် အစိုးရ၏ ကူညီပံ့ပိုးရေးအစီအစဉ်၊ မက်ဒရစ်မြို့၌ ဝေဟင်ထက်တွင် အချိန်အတော်ကြာ မတ်တတ်ရပ်ပြခဲ့သူ၊ အချစ်ရေးကိုမစဉ်းစားသေးပါဘူးလို့ဆိုတဲ့ ရတနာမိုင်၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင်-၅၈၅၀ိ/-၊ ၆လ-၂၆စောင်-၁၁၇၀၀ိ/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀)အခန်း(၀၀၄)ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် (MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲကို မန္တလေးမြို့၌ကျင်းပရာ အမျိုးသားပွဲတွင် ဆုရရှိသူတစ်ဦးအား HAN Golf Masters Pte.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှဟန် ဆုချီးမြှင့်စဉ်။

(သတင်း - ဖော်ပြပြီး) (သတင်းစဉ်)

ဥတုရာသီ တောကို မှီ၍

ပဲခူးမြို့ အထက(၃) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပဲခူးမြို့ အထက(၃)(ယခင်အမျိုးသားတန်းမြင့်ကျောင်း)၌ နှစ်ပေါင်း ၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား/ဂုဏ်ထူးဆောင် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်လတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ပူဇော်ပွဲအတွက် ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ၀၉-၅၀-၇၁၀၇၁၊ ဒေါက်တာဝင်းမောင် ၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ၀၉-၅၁-၀၁၀၃၄၊ ဦးဖိုးကျား ၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ၀၉-၉၉-၇၁၄၇၇၊ ဒေါက်တာဒေါ်လှကြင် ၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာမီမီထွန်း ၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းအေး ၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ၀၁-၅၀၅၉၉၁၊ ဒေါ်သက်ဥမ္မာဒွေး ၀၁-၅၁၀၃၀၂၊ ဒေါ်သီတာကြွယ် ၀၉-၅၁-၃၈၆၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇီဝမျိုးစုံ မျိုးကွဲနှင့် သစ်တောသစ်ပင်စုံလင် အင်းတော်ကြီး ဘေးမဲ့တောတစ်ခွင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ကျော်ကျော်(ဗန်းမော်)

မြန်မာနိုင်ငံရှိ အကြီးဆုံး ကုန်းတွင်းပင်လယ်ဟု တင်စားရမည့် အင်းတော်ကြီးကန်သည် ကချင်ပြည်နယ်၏ သဘာဝအလှဂုဏ်ဒြပ်ကို ဖော်ဆောင်နေသကဲ့သို့ အရှေ့တောင် အာရှ၏ အကြီးမားဆုံး ကုန်းတွင်းကန်ကြီးများစာရင်းတွင် ပါဝင်သည့် အပြင် အာဆီယံဆိုင်ရာ သဘာဝအမွေအနှစ် ထိန်းသိမ်းရေး ဥယျာဉ်ကြီးများတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အင်းတော်ကြီးကန်သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေ အမြင့်တွင် တည်ရှိပြီး တောင်နှင့်မြောက် အလျား ၁၄ မိုင်၊ အရှေ့နှင့် အနောက် အနံ ၇ မိုင်ခန့်၊ ရေပြင်နှင့် ရေဝပ်ဧရိယာ စတုရန်းမိုင် ၁၀၀ ခန့် ကျယ်ဝန်း၍ ကန်၏ ရေအနက်ဆုံးနေရာတွင် ၆၅ ပေခန့် ရှိသည်။ ပျမ်းမျှရေအနက် ပေ ၂၀ ခန့်ရှိကာ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၁၀၀၀ ကျော်မှ ပေ ၄၀၀၀ ကျော်အထိ မြင့်မားမတ်စောက်သော တောင်တန်းများ၊ ကျောက်တောင်ကြီးများ ဝန်းရံလျက် သဘာဝအတိုင်း ဖြစ်ပေါ်နေသော ကုန်းတွင်းရေအိုင်ကြီး ဖြစ်သည်။

အင်းပတ်ပတ်လည် သစ်တောကြိုးဝိုင်းကြီး ငါးဝိုင်းအတွင်းရှိ ဆင်ခေါင်းရေတံခွန်၊ မုဆိုးချောင်းရေရှင်နှင့် အမြဲစီးဆင်းနေသော ခါကျင်ချောင်း၊ နမ္မောက်ကန်ချောင်း၊ နန့်တရင်ချောင်း၊ လယ်ပုံချောင်း၊ နန့်မွန်ချောင်း၊ ခေါင်တုံချောင်း၊ နန့်ရင်ခါချောင်း၊ နန့်ပလန်ချောင်း၊ နန့်ပဒဲချောင်း၊ နန့်မီးလောင်ချောင်း၊ နန့်တောင်ဆယ်ချောင်း၊ နန့်စန်းတားချောင်းတို့သည် အင်းတော်ကြီးကန်အတွင်းသို့ မပြတ်စီးဝင်ကြသည်။ စိမ့်စမ်းရေထွက် များစွာရှိသော ကန်ကြီးမှ အင်းတော်ကြီးချောင်း စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

အင်းတော်ကြီး ဘေးမဲ့တောအတွင်း လှည့်လည်လေ့လာနေကြသော ခရီးသွားပြည်သူများကို တွေ့ရစဉ်။

ရေပျော်ငှက်များ

ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝသစ်တောသစ်ပင် စုံလင်လှသည့် အင်းတော်ကြီးကန်မှ ရေပျော်ငှက်များ။

တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်းသော သတင်းကြေညာချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၉ ခုနှစ်၊ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား၊ ကျောင်းသူများ သိရှိရန် သတင်းကြေညာချက်ကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ယင်းကြေညာချက်တွင် တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card)များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ဖေဖော်ဝါရီ ၂၇ ရက် (သောကြာနေ့)မှ စတင်၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်း မေးမြန်း ထုတ်ယူကြရန်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ မတ် ၃ရက် (အင်္ဂါနေ့)မှ စတင်၍ ကပ်ထားပေးမည် ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မတ် ၅ ရက် (ကြာသပတေးနေ့)မှ စတင်၍ ထုတ်ယူကြရန်ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြကြောင်းဖြစ်ငှ် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အင်တာနက် ရာသီဥတုသိပ္ပံသတင်း ဘာသာပြန်-စံစံ

မိုးခေါင်သည့်ကာလဖြစ်ပေါ်ခဲ့မှု သစ်ကွင်းများအရ သိရှိနိုင်

ဟန္နိုင်း ဖေဖော်ဝါရီ ၁၉

အရှေ့တောင်အာရှဒေသတွင် ၁၄၁၅ ခုနှစ်မှ ၁၄၃၉ ခုနှစ်အထိ ပြင်းထန်စွာမိုးခေါင်ခဲ့သည့် အထောက်အထားတစ်ရပ်ကို သစ်ပင် ပင်စည်ဖြတ်ပိုင်း မျက်နှာပြင်ပေါ်ရှိ သစ်ကွင်းများအရ သိရှိရကြောင်း အမေရိကန်သုတေသီတစ်ဦးက ယနေ့ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်းအန်ကာ (Angkor) မြို့ကြီး ပျက်သုဉ်းသွားရချိန်သည် ဖော်ပြပါ မိုးခေါင်မှုကာလနှင့် တိုက်ဆိုင်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ရာသီဥတုဆိုင်ရာ ညီလာခံ၌ အမေရိကန် ကိုလံဘီယာ တက္ကသိုလ်အောက်ရှိ သစ်ကွင်းသုတေသနဌာနမှ သိပ္ပံပညာရှင် ဘရင်ဒန်ဘတ်ကလေက ပြောကြားသည်။

သစ်ပင်များသည် မိုးရေချိန် ကောင်းစွာရရှိသော ကာလများ၌ ပိုမိုရှင်သန်ကြီးထွားပြီး စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

ယနေ့ ပြည်တွင်း၊ ပြည်ပသတင်းအညွှန်း

ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် စက်ရုံအသစ်တည်ဆောက်၊ လွှင့်အားမြင့်စက်များ တိုးချဲ့တပ်ဆင်ပေးနေ (သတင်း) စာမျက်နှာ ၃

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တွင် တည်ဆောက်နေသော ကဒပွန ရေထိန်းတံခါး

(သတင်း) စာမျက်နှာ ၁၀

"ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် မန်ယူ ပရီမီယာလိဂ် ချန်ပီယံဆုဖလား ကာကွယ်ရန် အခြေအနေကောင်း" (အားကစားသတင်း) စာမျက်နှာ ၁၁